# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 May 2022 ၁၀၇၂၁


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်တွင်းအားဖြင့် ပြည်တွင်းစီးပွားရေး တိုးတက်မြင့်တင်နိုင်ရန် ရည်မှန်းချက်ထား၍ အားသွန်ခွန်စိုက် ဆောင်ရွက်မည်ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်သမားကြီးများ၏ အင်အား၊ ကျွမ်းကျင်မှုနှင့် ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့ အခါသမယသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများကို အလေးအနက်ဂုဏ်ပြုသည့် အလုပ်သမားနေ့ အခါသမယဖြစ်ပါသည်။ ယခုလိုသမိုင်းဝင်အခါသမယတွင် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးတစ်ရပ်လုံး မြန်မာ့နှစ်သစ်နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သမိုင်းမှတ်တမ်းများအရ ၁၉ ရာစုတွင် စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားများသည် သတ်မှတ်အချိန်ထက် ပိုမိုစေခိုင်းခံရပြီး လုပ်အားရယူ အမြတ်ထုတ်ခံရမှုများအပေါ် အလုပ်သမားများက ၎င်းတို့၏ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေးအတွက် ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသောအားဖြင့် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေချိန်တွင် ကာယ၊ ဉာဏစွမ်းအားဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အားသွန်ခွန်စိုက် ပါဝင်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်၏ အရေးပါသည့် အင်အားစုကြီးဖြစ်သည့် အလုပ်သမားကြီးများအား အလေးထားအသိအမှတ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာကို ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် ဂုဏ်ယူစွာဖြင့် ပေးပို့အပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့** *ဖတ် စ ရာ*

### ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စတင်အသက်ဝင်

ဆောင်းပါး စာမျက်နှာ » ၆

### ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသော လက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်



စာမျက်နှာ » ၉

### နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုအရ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ခရိုင်အသစ်များ ထပ်မံတိုးချဲ့

စာမျက်နှာ » ၁၀



## ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ဝါးနက်ဆင်စီးအပန်းဖြေစခန်း ပြန်လည်ဖွင့်လှစ်

မန္တလေး ဧပြီ ၃၀

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာရေလှောင်တမံသွား ကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ဝါးနက်ဆင်စီးအပန်းဖြေစခန်းကို ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကာ ဆင်စီးပြီး သဘာဝတောတောင် ရှုခင်းအလှများဖြင့် အပန်းဖြေနိုင်စေရေးအတွက် ဧပြီ ၂၇ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဝါးနက်ဆင်စခန်း၏ ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးတိုးအောင်က ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

## ၂၀၂၂ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ

# နိုင်ငံနှင့်လူမျိုးဂုဏ်မြင့်မားရေး အားကစားကဏ္ဍမှမြှင့်တင်

အားကစားကဏ္ဍဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားမှုအတွက် မြှင့်တင်အားပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အားကစားနည်းအမျိုးမျိုးကို တစ်နိုင်ငံလုံးရှိ ပြည်သူများက တစ်ခဲနက်အားပေးကြသဖြင့် အားကစားသည် တိုင်းပြည်နှင့်လူမျိုး၏ အမျိုးသားရေးအားမာန်များ ထက်သန်နိုးကြားစေသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အားကစားကဏ္ဍမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အားကစားနည်းအမျိုးမျိုးကို ပြည်တွင်း၌သာမက နိုင်ငံတကာပြိုင်ပွဲများ၌ပါ ဝင်ရောက်ယှဉ်ပြိုင်ကြရာ နိုင်ငံတကာပြိုင်ပွဲများတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် ရှေးအစဉ်အဆက် နှစ်စဉ်မပျက် ဝင်ရောက်ဆင်နွှဲခဲ့သော ပြိုင်ပွဲဖြစ်သည်။ မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ လက်ခံကျင်းပနိုင်ခဲ့ပြီး အားကစားကဏ္ဍအသီးသီး၌ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ မေလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပတော့မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုပြိုင်ပွဲဝင်မည့် မြန်မာအားကစားလက်ရွေးစင် ၂၉၃ ဦးတို့က အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အားကစားသမားများအား ပြိုင်ပွဲအောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီဖြစ်သည့်အတွက် မြန်မာအားကစားအဖွဲ့ဝင်အားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထပ်မံတိုက်တွန်းပြောကြားခဲ့သည်။ မြန်မာအားကစားအဖွဲ့ဝင်များအားလုံးသည် နိုင်ငံတော်နှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

မြန်မာ့အားကစားသည် သမိုင်းကြောင်းအစဉ်အလာကောင်းမွန်ခဲ့ပေသည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် အားကစားကဏ္ဍမှ မြှင့်တင်ပေးနိုင်ခဲ့သည်။ မြန်မာအားကစားသမားများ၏ မြတ်နိုးဂုဏ်ယူဖွယ်ရာ စွမ်းဆောင်မှုများမှာ မြန်မာအားကစားသမိုင်းတွင် မှတ်ကျောက်တင်နိုင်ခဲ့ပေသည်။ မြန်မာ့ခလေ့စရိုက် ယဉ်ကျေးမှုအစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာ စည်းကမ်းကောင်းမွန်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်သောစိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ယှဉ်ပြိုင်အနိုင်ယူ အောင်မြင်မှုဂုဏ်ကို ယူခဲ့ကြပေသည်။ ၎င်းအစဉ်အလာကောင်းများကိုဂုဏ်ယူ၍ ယခုယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိအောင် စွမ်းနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ အားကစားဖြင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်းများက နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အောင်လံလွှင့်ထူနိုင်အောင် စွမ်းဆောင်နိုင်ကြမည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတော်က ခေတ်အဆက်ဆက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသမိုင်းတွင် မြန်မာနိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သည့် အသက် ၆၀ ပြည့်ပြီးသည့် အားကစားလက်ရွေးစင်များအား သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ဂုဏ်ပြုလျက်ရှိသည်။ (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးခုနှင့်အထက်ရရှိကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက် ၂၄ ဦးကို လူမှုထူးချွန် ပထမအဆင့်ချီးမြှင့်ခဲ့သည်။ ကျန်ထူးချွန်အားကစားသမားများကို ဆက်လက်ဂုဏ်ပြုချီးမြှင့်ပေးမည်ဖြစ်ပြီး ယခု(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိကြသူများကိုလည်း အလားတူဂုဏ်ပြုပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍကိုလည်း တစ်ခေတ်ဆန်းသစ်ထည့်သွင်း၍ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေချိန်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုများရရှိအောင် ရေကုန်ရေခန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်တို့ကို မြှင့်တင်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၃၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲ ယနေ့ (ပထမနေ့)ကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၄၆၁၃ ပါးအနက် ၁၁၄၈၈ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၆၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
၁၃၈၄ ခုနှစ် (၂၀၂၂ ခုနှစ်) ဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၃၀-၄-၂၀၂၂

ဖြေဆိုသည့်ဘာသာ၊ ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(ပထမနေ့)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၁၄၆၁၃ | ၁၁၄၈၈ | ၃၁၂၅ | ၇၈.၆၁ |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ကံသာယာသာသနာပြု(ဗဟို)ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ သရက်ခြံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ရေးမြို့နယ်ရှိ မရမ်းကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ယပ်လှဲစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ လယ်တီကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှသက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်းလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် သီရိရတနာဘုန်းတော်ကြီးသင်ပညာရေးကျောင်း(ဒုန်တော) ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ကြက်ဥများ လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေး စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ် - ၁၉ ရောဂါ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဇာတ်စုရပ်ကွက် နန်းဦးစေတီပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များအားမြို့နယ်ကျန်းမာရေးဦးစီးဌာနက ဧပြီ ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။ ၂၁၀

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူလူထု၏ စားဝတ်နေမှုဖူလုံစေရေးကို အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကုန်ထုတ်စွမ်းအားစု၏ ဖန်တီးရှင်များဖြစ်ကြသည့် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍသည် အထူးအရေးပါ

❖ မိမိတို့နိုင်ငံကဲ့သို့ လုပ်သားအင်အားပေါများသည့်နိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံသားများ၏ စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်ကောင်းမွန်မှန်ကန်ရေး၊ အလုပ်ကိုတန်ဖိုးထားစိတ်ရှိရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အသိပညာ အတတ်ပညာများ အဆင့်မီမီ တတ်မြောက်နိုင်ရေး စသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းရည်များ ပြည့်ဝစေရန် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့က ပူးပေါင်းညီညာ ဆောင်ရွက်ရမည့် အချိန်အခါဖြစ်

☆ ရှေ့ဖုံးမှ

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ် အနက် စီးပွားရေးဦးတည်ချက်(၃)ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟူသည့် ဦးတည်ချက်အရ ကုန်ထုတ်လုပ်မှုတိုးတက်၍ နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန်သာမက အလုပ်သမားများ အလုပ်အကိုင်ရရှိရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အလေးထားဖော်ဆောင်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေးပြည့်စုံကောင်းမွန်ပြီး အေးချမ်းစွာ နေထိုင်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာစေရန်၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဦးမော့လာစေရန်တို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစု ဖန်တီးရှင်များဖြစ်ကြသည့် အလုပ်သမားကြီးများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလှပါကြောင်း အသိပေးဖော်ပြလိုပါသည်။ ပြည်သူလူထု၏ စားဝတ်နေမှုဖူလုံစေရေးကို အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကုန်ထုတ်စွမ်းအားစု၏ ဖန်တီးရှင်များဖြစ်ကြသည့် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍသည် အထူးအရေးပါလှပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

ယနေ့ကာလသည် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ကျဆင်းခြင်းနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများ မတည်ငြိမ်မှု၊ အလုပ်သမားဦးရေလျော့ချမှုတို့ကို ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်း၍ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အလေးထားဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ကာလတိုအတွင်း အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သော ကုန်ကြမ်းယူ ကုန်ချောပေး လက်ခစားစနစ် (Cutting Making Packaging–CMP) လက်ခစားလုပ်ငန်းများကို ပြည်တွင်း ပြည်ပကုမ္ပဏီများမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး CMP လက်ခစားစနစ်ကြောင့် လုပ်သားအခြေပြု အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ အရင်းအနှီးနည်းပါးစွာဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ထို့အပြင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေပြီး နည်းပညာ၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့များ ရရှိနိုင်ရန်တို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယင်းလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့၌ အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိပြီး ယင်းလုပ်ငန်းများမှလည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

လုပ်သားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ရရှိနိုင်စေရန်၊ အလုပ်သမားရေးရာသုတေသနနှင့် လုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး ရည်မှန်းချက်နှင့်အညီ လုပ်သားစာရင်းအင်း (Labour Statistics)များ ရရှိနိုင်စေရန်အတွက် ၂၀၁၇ ခုနှစ်မှစ၍ လုပ်သားအင်အားစစ်တမ်းကို တစ်နှစ်လျှင်နှစ်ကြိမ် မြေပြင်ကွင်းဆင်းကောက်ယူခဲ့ရာ ၂၀၂၀ ပြည့်နှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) အစီရင်ခံစာကို ပြုစုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယင်းစစ်တမ်းများအရ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အလုပ်လုပ်နိုင်သည့် လူဦးရေအများဆုံးနိုင်ငံ၌ ပါဝင်ကြောင်း တွေ့ရှိရပြီး အလုပ်လုပ်နိုင်သူလူဦးရေ ပေါများခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံကဲ့သို့ လုပ်သားအင်အားပေါများသည့် နိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံသားများ၏ စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်နှင့် အတွေးအခေါ် ကောင်းမွန်မှန်ကန်ရေး၊ အလုပ်ကို တန်ဖိုးထားစိတ်ရှိရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အသိပညာ အတတ်ပညာများ အဆင့်မီမီ တတ်မြောက်နိုင်ရေး စသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်များ ပြည့်ဝစေရန် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့က ပူးပေါင်းညီညာ ဆောင်ရွက်ရမည့်အချိန်အခါဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ပနိုင်ငံများသို့ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်မှုများ ထိရောက်စွာပေးနိုင်ရန် ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် နည်းပညာအလုပ်သင် သင်တန်းသားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာနှင့် ကျွမ်းကျင်လုပ်သားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားများကိုလည်း သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များရရှိခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသား၊ အလုပ်သမားအရေးအတွက် များပြားသည့် ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားအရာရှိများ ခန့်အပ်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် “ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”ဆိုသည့် စကားနှင့်အညီ ပြည်တွင်းအားဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်မြင့်တင်နိုင်ရန် ရည်မှန်းချက်ထား၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သော အလုပ်သမားကြီးများ၏ အင်အား၊ ကျွမ်းကျင်မှုနှင့် ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိနိုင်အောင် နိုင်ငံတစ်ဝန်းရှိ အာမခံအလုပ်သမားများအား အလုပ်သမားဆေးရုံကြီး (၃)ရုံနှင့် လူမှုဖူလုံရေးဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း စက်ရုံ၊ အလုပ်ရုံများမှ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ပြင်ဆင်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ပွားနေစဉ်အတွင်း မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်၊ ဆေးဖိုးနှင့် ခရီးစရိတ်များကို ကာလတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများကို ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းတို့ဖြင့် အလုပ်သမားအကျိုးကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်ငန်းခွင်များမှ အလုပ်ရှင်များနှင့် အလုပ်သမားများအား ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကုန်ထုတ်လုပ်မှုအရှိန်အဟုန်မပြတ်စေရန် ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံ အများဆုံးရှိသည့် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အလုပ်သမားများကို ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်၍ ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် မိသားစုစားဝတ်နေရေးကို အထောက်အကူပြုမည့် လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသော အသက် (၁၈)နှစ်အောက် ကလေးများလည်း အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး အသက်(၁၈)နှစ်အောက် ကလေးများအတွက် တားမြစ်ထားသည့် ဘေးအန္တရာယ်ဖြစ်စေသော လုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းခွင်များစာရင်း အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အလုပ်သမား၊ အလုပ်ရှင်များ ဝင်ငွေရရှိပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော အဖွဲ့သည် ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ရေး ညွှန်ကြားချက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရေးကို ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းခွင် အေးချမ်းသာယာစေရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် လုပ်ငန်းခွင်ဆိုင်ရာ အငြင်းပွားမှုများ လျော့နည်းစေရေးသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ခြင်းကြောင့် လုပ်ငန်းများတွင် ဖြစ်ပွားသော အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များ၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီတို့ကို ဖွဲ့စည်းထားရှိပြီး အငြင်းပွားမှုများကို မျှမျှတတနှင့် သမာသမတ်ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေကြသည့် မြန်မာအလုပ်သမားထုကြီးတစ်ရပ်လုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကြပါစေ၊ လုပ်ငန်းခွင်တွင် ဘေးကင်းလုံခြုံကြပြီး အေးချမ်းသာယာကြပါစေ၊ အလုပ်ရှင်၊ အလုပ်သမားများ ညီညွတ်မျှတသော စုပေါင်းစွမ်းအားဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြုနိုင်ကြပြီး နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကချင်ပြည်နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ မွေးမြူရေးဒီပလိုမာသင်တန်း တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ကောလိပ်အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိ**





နေပြည်တော် ဧပြီ ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် ရေခံမြေခံကောင်းများရှိနေသည့် ကချင်ပြည်နယ်သည် နယ်စပ်ဈေးကွက် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိနေသကဲ့သို့ အသားတင်စိုက်ပျိုးမြေဧက ၇၇၄၀၀၀ ကျော်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဖော်ထုတ်လုပ်ကိုင်နိုင်သည့် မြေသယံဇာတများစွာရှိနေသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက်သာမက ဈေးကွက်လိုအပ်ချက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

ယမန်နေ့ ညနေပိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်၏ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သော စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ နည်းပညာအသစ်များနှင့် စက်ကိရိယာများ အသုံးပြုနိုင်ရန် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ မွေးမြူရေးဒီပလိုမာသင်တန်း တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ကောလိပ်အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိကြောင်း။

**နှန်းတားတမံများတည်ဆောက်ရန်**

နေကြာသီးနှံကို မိုးသီးနှံနှင့် ဆောင်းသီးနှံများအဖြစ် သီးထပ်စိုက်ပျိုးနိုင်ရန် မျိုးစေ့နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးတောင်သူများကိုလည်း လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာအစား ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်နိုင်ရေးနှင့် တောင်စောင်းနေရာများတွင် စရိတ်သက်သာပြီး ရေရှည်စိုက်ပျိုးလုပ်ကိုင်နိုင်ရန် နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များအနီးတွင် အပင်ပိုးမွှားရောဂါကာကွယ်ရေးနှင့် တိရစ္ဆာန်ရောဂါကင်းရှင်းမှု စိစစ်အတည်ပြုပေးသည့်စခန်းများ တည်ထောင်ဆောင်ရွက်ခြင်းကို တိုးချဲ့လုပ်ကိုင်သွားရန်ဖြစ်ကြောင်းနှင့် အင်းတော်ကြီးဒေသ ရေရှည်တည်တံ့စေရေးအတွက် ရေအဝင်လမ်းကြောင်းများ ဆယ်ယူရန်၊ လိုအပ်သည့်နေရာများတွင် နှန်းတားတမံများတည်ဆောက်ရန်နှင့် သဘာဝသစ်ပင်သစ်တောများ ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

**လယ်ယာကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးလာရေး**

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော သွင်းအားစုများ၊ နည်းပညာနှင့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ လယ်ယာကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးလာရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ချက်များနှင့် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များသို့ လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၃၀

စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ၊ အဆင့်မြင့်ပညာရှင်များ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ သင်ကြားပို့ချပေးခြင်းသာမက တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်း မြင့်မားသည့် အသိပညာဖွံ့ဖြိုးရေးကိုပါ အလေးထားပို့ချပေးကြစေလိုကြောင်း၊ ကျောင်းဆင်း မောင်မယ်တိုင်းက စွမ်းဆောင်ရည်ပြည့်ဝ နှလုံးလှသည့် လူတော်လူကောင်းများအဖြစ် အနာဂတ် လယ်ယာကဏ္ဍတွင် ထူးချွန်စွာတာဝန်ယူနိုင်ကြစေရေး မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများကို ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များကို လာမည့် မေ ၁၂ ရက်တွင် စာသင်နှစ်များအလိုက် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း ဘာသာရပ်အလိုက် သင်ကြားရေးဆိုင်ရာ အကြိုလုပ်ငန်းများနှင့် အသစ်ဖွင့်လှစ်ပို့ချပေးမည့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ အဆောက်အအုံများနှင့် မွေးမြူရေးတိရစ္ဆာန်များ အသင့်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ တက္ကသိုလ်များရှိ သင်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ကြစေရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၃၀

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

# မင်္ဂလာဒုံမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



မင်္ဂလာဒုံ ဧပြီ ၃၀

ရန်ကုန်(မြောက်ပိုင်းခရိုင်) မင်္ဂလာဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေနံ့သာကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅၃၁)၊ ဦးပိုင်အမှတ်-၁၆(က) တောင်သူ ဦးပန်းညွန့်၏ နွေစပါးစိုက်ပျိုးလယ်မြေစပါးစံပြကွက်တွင် ကျင်းပခဲ့သည်။

**တစ်ဧကေ ၁၂၈ ဒသမ ၄၆ တင်းထွက်ရှိ**

ထို့နောက် ရွှေနံ့သာကျေးရွာအုပ်စု တောင်သူ ဦးပန်းညွန့်၏ ဆင်းသုခမျိုးစပါးစံပြကွက် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း ၁၂၈ ဒသမ ၄၆ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာတာဝန်ခံနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆုလှိုင်(မင်္ဂလာဒုံ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်တန်း စာစစ်ဆရာ ဆရာမများကိုတွေ့ဆုံ



**ရန်ကုန် ဧပြီ ၃၀**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း စာစစ်ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်နှင့် ဘာသာရပ်ဌာနတစ်ခုချင်းအလိုက် ဘာသာရပ်ရည်ညွှန်းစာအုပ်များ ဖြည့်ဆည်းရန် လိုအပ်သောရန်ပုံငွေများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး သုတေသနအတွက် လိုအပ်သည့်စက်ပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဆရာ ဆရာမများ သုတေသနလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် ရန်ပုံငွေများနှင့် ခရီးစရိတ်များကိုပါ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

တက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသည့် နည်းပြသရုပ်ပြ ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ စာစစ်လုပ်ငန်းများကိုလည်း ဆရာ ဆရာမများအနေဖြင့် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ချင်းစာတရားများ လက်ကိုင်ထား၍ အပြန်အလှန်လေးစားမှုဖြင့် စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဆရာ ဆရာမများက မူလတန်းနှင့် အလယ်တန်းရာထူးတိုးကိစ္စရပ်များ၊ ဝန်ထမ်းမိသားစုပေါင်းစည်းရေးကိစ္စရပ်များ၊ ဆရာ ဆရာမလိုအပ်ချက်များ၊ ဝန်ထမ်းအိမ်ရာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပညာရေးဘွဲ့ စာပေးစာယူပထမနှစ်သင်တန်း (၁/၂၀၂၂)သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံပြီး အခြေခံပညာကဏ္ဍမှ ဆရာ ဆရာမများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးရမည်ဖြစ်သည့်အတွက် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကိုပါ ထူးချွန်မှုရှိစေရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်တန်းစာစစ်လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပ



**နေပြည်တော် ဧပြီ ၃၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)တို့၌ ယနေ့ နံနက်ပိုင်းတွင် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပကြသည်။

**နေ့ကောင်းနေ့မြတ်ဖြစ်**

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Video Message ဖြင့် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နည်းပညာတက္ကသိုလ် သုံးကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ် ခုနစ်ကျောင်းတို့၏ ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် ပညာသင်နှစ်အလိုက် သင်ယူတတ်မြောက်အောင်မြင်ခဲ့ကြသူများကို ဘွဲ့လက်မှတ်များ အပ်နှင်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အင်ဂျင်နီယာဘွဲ့၊ ဗိသုကာဘွဲ့၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့၊ အင်ဂျင်နီယာမဟာဘွဲ့၊ ဗိသုကာမဟာဘွဲ့၊ ကွန်ပျူတာသိပ္ပံမဟာဘွဲ့၊ ကွန်ပျူတာနည်းပညာမဟာဘွဲ့၊ သုတသိပ္ပံမဟာဘွဲ့၊ ကွန်ပျူတာဒီပလိုမာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ထပ်မံပေါ်ထွန်းလာသောနေ့ကောင်းနေ့မြတ်လည်း ဖြစ်ပါကြောင်း။

အစဉ်သင်ယူနေရသော Learning Society လူ့ဘောင်အဖွဲ့အစည်းတွင် မိမိကိုယ်တိုင်လေ့လာဆည်းပူးရင်း နိုင်ငံနှင့်ပြည်သူအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ကြစေလိုကြောင်း၊ အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်ကောင်းများ လိုက်နာစောင့်ထိန်းရမည့် ပညာရှင်ကျင့်ဝတ်များကိုလည်း လိုက်နာစောင့်ထိန်းကြရန် လိုအပ်သလို လုပ်ငန်းခွင်စည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ ပြည်သူ့နီတိများကိုလည်း ရိုသေလေးစားစွာလိုက်နာပြီး စံနမူနာယူထိုက်သော အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များဖြစ်လာအောင် ပြုမူနေထိုင်ကြရန် မှာကြားလိုကြောင်း၊ အနာဂတ်မြန်မာနိုင်ငံအတွက် စံပြုလေးစားထိုက်သော တက္ကသိုလ်များ ဂုဏ်ဆောင်အင်ဂျင်နီယာပညာရှင်၊ ကွန်ပျူတာပညာရှင်၊ သိပ္ပံပညာရှင်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် ဘွဲ့ယူမည့် မောင်မယ်များကို လှိုက်လှဲစွာဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်အသီးသီး၏ ဘွဲ့နှင်းသဘင်အခမ်းအနားများ ဆက်လက်ကျင်းပရာ နည်းပညာတက္ကသိုလ်များတွင် အင်ဂျင်နီယာဘွဲ့နှင့် ဗိသုကာဘွဲ့ရရှိသူ ၆၄ ဦး၊ အင်ဂျင်နီယာ မဟာဘွဲ့နှင့်ဗိသုကာမဟာဘွဲ့ရရှိသူ ၇၅ ဦး၊ ပါရဂူဘွဲ့ရရှိသူ ၃၂ ဦးနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၁၄၉ ဦး၊ ကွန်ပျူတာသိပ္ပံမဟာဘွဲ့၊ ကွန်ပျူတာနည်းပညာမဟာဘွဲ့နှင့် သုတသိပ္ပံမဟာဘွဲ့ရရှိသူ ၁၈ ဦး၊ ပါရဂူဘွဲ့ရရှိသူ ၃၁ ဦး၊ ကွန်ပျူတာဒီပလိုမာဘွဲ့ရရှိသူ ၆၆ ဦး စုစုပေါင်းဘွဲ့ရမောင်မယ် ၄၃၅ ဦးတို့ကို တက္ကသိုလ်အသီးသီး၏ ပါမောက္ခချုပ်များက သက်ဆိုင်ရာဘွဲ့အလိုက် ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းကာ ဘွဲ့နှင်းသဘင်မိန့်ခွန်းများ မြွက်ကြားခဲ့ကြပြီး ဘွဲ့နှင်းသဘင်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

**အသိအမှတ်ပြု**

ယနေ့ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် Quality Management System ဆိုင်ရာ ISO 9001:2015 အသိအမှတ်ပြုလက်မှတ်များကိုရရှိထားပြီး အာရှနှင့်ပစိဖိတ်ဒေသတွင်း အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုမှုအဖွဲ့အစည်း (Federation of Engineering Institutions of Asia and Pacific – FEIAP)၏ ပဏာမအသိအမှတ်ပြုမှုလက်မှတ် Provisionally Accredited နှင့် အပြည့်အဝ အသိအမှတ်ပြုမှုလက်မှတ် Fully Accredited များကို ရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် နည်းပညာတက္ကသိုလ် (တောင်ငူ) သည် ISO 9001:2015 အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၈ ခုနှစ်တွင်ရရှိထားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာပညာရေး အရည်အသွေးစိစစ်အသိအမှတ်ပြုရေးကော်မတီ၏ ပဏာမအသိအမှတ်ပြုမှုလက်မှတ် Provisionally Accredited ကို အင်ဂျင်နီယာဘာသာရပ် နှစ်ခုအတွက် ၂၀၁၉ ခုနှစ်တွင် ရရှိခဲ့ကာ အပြည့်အဝအသိအမှတ်ပြုမှုလက်မှတ် Fully Accredited အရည်အသွေး စိစစ်အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာတက္ကသိုလ်များသည်လည်း ICT အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုနိုင်ရေးအတွက် Seoul Accord နှင့်အညီ စတင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်များနည်းတူ ICT နည်းပညာကို အသုံးပြုသည့် Learning Management System (LMS) သင်ကြားသင်ယူမှုစနစ်များ အသုံးပြု၍ လွယ်ကူလျင်မြန် ထိရောက်အကျိုးရှိစွာ သင်ကြားသင်ယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဘွဲ့ယူမည့် မောင်မယ်များနှင့် ၎င်းတို့၏မိဘဆွေမျိုး မိတ်သင်္ဂဟများ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့တွင် နွေရာသီ အေရိုးဗစ်အားကစား သင်တန်းဆင်းပွဲ ကျင်းပ

**ပန်းတနော် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ အေရိုးဗစ်အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မူမူသွင်က နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေးနှင့် ထူးချွန်ထက်မြက်၍ အရည်အသွေးပြည့်ဝသော အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ပူးပေါင်းပြီး အေရိုးဗစ် အားကစားသင်တန်းကို ဧပြီ ၂၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စတင်အသက်ဝင်

အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ပါဝင်ခဲ့သည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းစဉ်နှင့် လက်မှတ်ရေးထိုးစဉ်ကာလများ၌ RCEP သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်မှုတို့ကို အများပြည်သူသိရှိနိုင်ရန် သတင်းစာများတွင် ရေးသားဖော်ပြ၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသို့ ဆွေးနွေးချပြမှုကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (Regional Comprehensive Economic Partnership – RCEP) ကို ၂၀၁၂ ခုနှစ်မှစတင်၍ (၈)နှစ်ကြာ ညှိနှိုင်းခဲ့ကြပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ RCEP သဘောတူစာချုပ်သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၂၉ ရာခိုင်နှုန်းနှင့် ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုက်ရိုက်စီးဝင်ခြင်း၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် ကမ္ဘာ့အကြီးမားဆုံး စည်းမျဉ်းအခြေခံနိုင်ငံစုံ ကုန်သွယ်မှုသဘောတူစာချုပ်တစ်ခု ဖြစ်ပါသည်။ ယင်းသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခြင်းဖြင့် စာချုပ်ပါ အခွင့်အလမ်းများကို ရယူခံစားနိုင်တော့မည် ဖြစ်ပါသည်။

RCEP သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံ၏မိတ်ဖက်နိုင်ငံများအနက် တရုတ်နိုင်ငံက ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံ၏ အသက်ဝင်ကြောင်း အကြောင်းကြားစာကို အသိအမှတ်ပြုခဲ့ပြီး ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်၍ RCEP သဘောတူစာချုပ်အောက်မှ တရုတ်နိုင်ငံမှ ပေးအပ်မည့် အကောက်ခွန်ဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့် အခြားခံစားခွင့်များကို စတင်ခံစားနိုင်ပြီဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံ–တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ




(ASEAN–China Free Trade Area– ACFTA) အရလည်း အခွင့်အရေးများကို ခံစားလျက်ရှိပါသည်။ သို့သော် ACFTA သည် အာဆီယံနှင့် မိတ်ဖက်နိုင်ငံအကြား ပထမဆုံး စတင်ဆောင်ရွက်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (Free Trade Agreement–FTA)ဖြစ်သဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍ အနည်းငယ်သာပါဝင်ခဲ့ပါသည်။ RCEP သဘောတူစာချုပ်တွင် ပိုမိုကျယ်ပြန့်သည့် ခေတ်နှင့်လျော်ညီသည့် ကဏ္ဍစုံပါဝင်သော စာချုပ်ဖြစ်သဖြင့် မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို RCEP သဘောတူစာချုပ်အောက်မှ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ယခင်က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တစ်ဖက်သတ် ကင်းလွတ်သက်သာခွင့်ကိုသာပေးသည့် အစီအစဉ်နှင့် အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်တို့ကိုသာ အသုံးပြုလျက်ရှိရာမှ ယခုအခါ RCEP သဘောတူစာချုပ်အောက်မှ အခွင့်အရေးများကိုပါ ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပါသည်။

RCEP သဘောတူစာချုပ်တွင် အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်၌ မပါဝင်ခဲ့သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် တင်ပို့မည့် ကုန်ပစ္စည်းအမျိုးအစား၊ ကောက်ခံမည့်အကောက်ခွန်တန်ဖိုးနှင့် မြန်မာနိုင်ငံမှ ထွက်ရှိ/ထုတ်လုပ်သည့် ကုန်ပစ္စည်းတို့ကို ကြိုတင်သတ်မှတ်ခြင်း၊ ကုန်ပစ္စည်းရောက်ရှိသည့်အချိန်မှစ၍ ၄၈ နာရီအတွင်း အကောက်ခွန်ရှင်းလင်းရေးကို ပြီးစီးအောင်ဆောင်ရွက်ခြင်း စသည့်အချက်များ ထည့်သွင်းထားပါသည်။ သို့ပါ၍ RCEP သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းများကို လျင်မြန်စွာထုတ်ယူနိုင်သည့် အကျိုးကျေးဇူးရရှိမည် ဖြစ်ပါသည်။

ထို့ပြင် သွင်းကုန်ပမာဏမြင့်တက်မှုမှ ကာကွယ်ပေးခြင်း၊ လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် တစ်ဖက်နိုင်ငံမှ အထောက်အပံ့ရယူ၍ တင်ပို့ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကို ကာကွယ်ဖြေရှင်းနိုင်သည့်အချက်များ ပါဝင်သဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား RCEP သဘောတူစာချုပ်အရ ကုန်သွယ်မှုပြုလုပ်ရာတွင် ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံသို့ ယခုအချိန်မှစ၍ ကုန်ပစ္စည်းအမယ် ၅၉၆၉ မျိုးကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။ ၎င်းတို့မှာ တိရစ္ဆာန်

> RCEP **သဘောတူစာချုပ်တွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်၌ မပါဝင်ခဲ့သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းသည့် တင်ပို့မည့် ကုန်ပစ္စည်းအမျိုးအစား၊ ကောက်ခံမည့် အကောက်ခွန်တန်ဖိုးနှင့် မြန်မာနိုင်ငံမှ ထွက်ရှိ/ထုတ်လုပ်သည့် ကုန်ပစ္စည်းတို့ကို ကြိုတင်သတ်မှတ်ခြင်း၊ ကုန်ပစ္စည်းရောက်ရှိသည့် အချိန်မှစ၍ ၄၈ နာရီအတွင်း အကောက်ခွန်ရှင်းလင်းရေးကို ပြီးစီးအောင် ဆောင်ရွက်ခြင်း စသည့်အချက်များ ထည့်သွင်းထားပါသည်။ သို့ပါ၍** RCEP **သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းများကို လျင်မြန်စွာ ထုတ်ယူနိုင်သည့် အကျိုးကျေးဇူးရရှိမည်ဖြစ်**

## မေစီးပွား

ထွက်ကုန်ပစ္စည်း ၃၆၈ မျိုး၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း ၃၈၉ မျိုး၊ ဆီထွက်ကုန်ပစ္စည်း ၁၀ မျိုး၊ အစားအစာနှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း ၁၆၃ မျိုး၊ တွင်းထွက်ကုန်ပစ္စည်း ၁၈၁ မျိုး၊ ဓာတုထွက်ကုန်နှင့် လုပ်ငန်းသုံး ကုန်ပစ္စည်း ၁၁၂၇ မျိုး၊ ပလတ်စတစ်ပစ္စည်း ၁၂၅ မျိုး၊ သားရေထည်ပစ္စည်း ၆၇ မျိုး၊ သစ်တောထွက်ပစ္စည်း ၂၃၄ မျိုး၊ အထည်အလိပ်နှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း ၉၀၃ မျိုး၊ ဖိနပ်၊ ထီးအပါအဝင်ပစ္စည်းမျိုးစုံ ၂၉ မျိုး၊ ဘိလပ်မြေနှင့် ဘိလပ်မြေထွက်ပစ္စည်းများ၊ မှန်နှင့် မှန်ပစ္စည်း ၁၄၆ မျိုး၊ ပုလဲနှင့် အဖိုးတန်ကျောက်မျက်ပစ္စည်း ၆၂ မျိုး၊ သတ္တုနှင့် သတ္တုအခြေခံပစ္စည်း ၅၅၄ မျိုး၊ စက်နှင့် စက်ပစ္စည်းအစိတ်အပိုင်း ၁၀၅၈ မျိုး၊ မော်တော်ကား၊ လေယာဉ်၊ သင်္ဘောနှင့် သယ်ယူပို့ဆောင်ရေးအစိတ်အပိုင်းများ ၁၂၄ မျိုး၊ ဆေးပစ္စည်း၊ ရုပ်ရှင်လုပ်ငန်းသုံးပစ္စည်းနှင့် တူရိယာပစ္စည်း ၂၄၀ မျိုး စသည်တို့ပါဝင်ပါသည်။ ကျန်ကုန်စည်များကိုလည်း နှစ်အလိုက်ပေးဆောင်ရမည့် အကောက်ခွန်လျှော့ချသည့် အခွင့်အရေးများကို ပေးအပ်ထားပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုမှာ ၂၀၁၉–၂၀၂၀ ပြည့်နှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၄၂၀ ဒသမ ၀၅၂ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၆၇၂၉ ဒသမ ၁၇၄ ဖြစ်ပြီး ၂၀၂၀–၂၀၂၁ ခုနှစ်တွင် ကိုဗစ်–၁၉ ၏သက်ရောက်မှုများကြောင့် အမေရိကန်ဒေါ်လာ သန်း ၅၁၆၀ ဒသမ ၈၂၅ နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း ၄၆၄၇ ဒသမ ၀၉၆ ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းအများစုကို အကောက်ခွန်နှုန်းကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် တင်ပို့နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ့ပို့ကုန်ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ အခွန်အကောက်ဝင်ငွေများ ပိုမိုတိုးတက်ရရှိခြင်း စသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်ပါသည်။

ဝန်ဆောင်မှုအပိုင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသအောက်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၅၂)ခုကို ဖြေလျှော့ထားသော်လည်း၊ RCEP သဘောတူစာချုပ်အောက်တွင် စီးပွားရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ဖြန့်ဖြူးခြင်း၊ ပညာရေး၊ ပတ်ဝန်းကျင်၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ ပို့ဆောင်ရေးနှင့် အခြားဝန်ဆောင်မှုကဏ္ဍများအောက်မှ ဝန်ဆောင်မှုကဏ္ဍခွဲ(၈၀)ခုကို ဖြေလျှော့ထားပါသည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသအောက်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၈၈)ခုကိုသာ ဖြေလျှော့ထားသော်လည်း RCEP သဘောတူစာချုပ်တွင် ဝန်ဆောင်မှုကဏ္ဍခွဲ (၉၅) ခုထိ ဖြေလျှော့ထားပါသည်။

ဝန်ဆောင်မှုကဏ္ဍများ ပိုမိုဖြေလျှော့ခြင်းအားဖြင့် စီးပွားရေးစွမ်းဆောင်မှုများ တိုးမြှင့်လာနိုင်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်နှင့် ထုတ်လုပ်မှုများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်မားလာနိုင်ခြင်း၊

**စာမျက်နှာ ၇ သို့**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် စတင်အသက်ဝင်

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်(Regional Comprehensive Economic Partnership Agreement– RCEP)သည် ယင်းသဘောတူစာချုပ်၏ အပိုဒ် (၂၀.၆) စာချုပ်အသက်ဝင်ခြင်းအရ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားတွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်အသက်ဝင်ပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါစာချုပ်ကပေးအပ်သည့် အကောက်ခွန် အထူးအခွင့်အရေးတို့ကို အသုံးပြု၍ အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

## မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်း(BBMA) (၉၈)ကြိမ်မြောက်နှင့် (၉၉)ကြိမ်မြောက် ပိဋကတ်တော်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်း (Burma Buddhist Meritted Association)က ကြီးမှူး၍ ဩဝါဒါစရိယဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များနှင့် စာအောင်သံဃာတော်များ၊ သီလရှင်များအား (၉၈)ကြိမ်မြောက်နှင့် (၉၉)ကြိမ်မြောက် ပိဋကတ်တော် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋက နိကာယကျောင်းတော်ကြီး၌ ကျင်းပသည်။



**တင်ပြလျှောက်ထား**

ဦးစွာ အသင်း၏ ဩဝါဒါစရိယ ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုလနန္ဒာစရိယ (ဘုတလင်)ထံမှ ညှော်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး (၉၈)ကြိမ်မြောက်နှင့် (၉၉)ကြိမ်မြောက် ပိဋကတ်တော်လှူဒါန်းပွဲအကြောင်း လျှောက်ထားလွှာကို အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ နာယက ဦးကျော်ခင်မြင့် [မောင်ရင့်ကျူး(မြောင်းမြ)]က တင်ပြလျှောက်ထားသည်။

ထို့နောက် အသင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီးများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အကျိုးတော်ဆောင်ချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အသင်း၏ (၉၈)ကြိမ်မြောက်နှင့် (၉၉)ကြိမ်မြောက် စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား ကျမ်းစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီး ဂုဏ်ပြုလွှာများပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အသင်း၏ ဩဝါဒါစရိယ ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်း)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြကာ ဩဝါဒါစရိယဆရာတော်များ၊ စာအောင်သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းပူဇော်**

အဆိုပါအသင်းကြီးကို ၁၉၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုဆိုလျှင် (၁၀၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပခဲ့သည့် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ဓမ္မစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား အသင်းကြီးက နှစ်စဉ်ပိဋကတ် လှူဒါန်းပူဇော်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ယနေ့ကျင်းပသော (၉၈)ကြိမ်မြောက်နှင့် (၉၉)ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲတွင် ဩဝါဒါစရိယ ဆရာတော်များ၊ အထူးအောင်သံဃာတော်အပါး ၅၀၊ သီလရှင် ၁၁ပါးတို့အား ပိဋကတ်တော်များ လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

◆ **ပြည်တွင်းမှ**

အဆိုပါ ဆင်စခန်းသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ယာယီပိတ်ထားခဲ့ရကြောင်း၊ ယခုအချိန်တွင် ရောဂါဖြစ်ပွားမှုအခြေအနေများ လျော့နည်းလာပြီး ဆင်စခန်းလည်း ဖွင့်လှစ်ရန် အသင့်အနေအထားရှိနေသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုမိန့်တောင်းပြီး ဖွင့်ခွင့်ပေးသည့်အတွက် ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ဝန်ဆောင်မှုများအနေဖြင့် နံနက်ပိုင်းတွင် ၇ နာရီမှ ၁၁ နာရီအထိ၊ ညနေပိုင်းတွင် ၄ နာ ရီမှ ၆ နာရီအထိ ဆင်များစီးပြီး အပန်းဖြေလာရောက်လေ့လာနိုင်ကြောင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်ပြုလုပ်ပေးထားကြောင်း သိရသည်။

“ကျွန်တော်တို့ ဝါးနက်ဆင်စခန်းကို ခရီးသွားပြည်သူတွေအတွက် ပြန်လည်ဖွင့်လှစ်ပေးထားပါတယ်။ ဖွင့်လှစ်နိုင်ဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ခွင့်ပြုချက်တောင်းခံရပါတယ်။ ခွင့်ပြုချက်ရမှ ဖွင့်လှစ်ခဲ့တာပါ။ ကိုဗစ်-၁၉ ညွှန်ကြားချက်တွေနဲ့အညီ လက်ဆေးဘေစင်တွေ၊ နှာခေါင်းစည်းတွေ၊ ခြောက်ပေအကွာ စတာတွေ ပြင်ဆင်ပေးထားပါတယ်။ ခရီးသွားပြည်သူတွေ ဆင်စီးပြီးတော့ လာရောက်အပန်းဖြေလေ့လာနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ ဆင်တွေနဲ့အတူ ရေချိုး၊ ဓာတ်ပုံရိုက်ချင်ရင် နံနက် ၆ နာရီကနေ ၇ နာရီကြား ဆင်တွေရေချတဲ့အချိန် ရပါတယ်။ သီးသန့်ခေါ်ချိုးချင်ရင် နံနက် ၁၀ နာရီအတွင်းမှာ ရေချိုး၊ ဓာတ်ပုံရိုက် လုပ်ပေးပါတယ်။ ဆင်စခန်းမှာ ဆင်ရှစ်ကောင်ရှိပါတယ်။ အထီး သုံးကောင်နဲ့ အမ ငါးကောင်ပါ။ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ ဆင်တွေကို အစာကျွေးလို့လည်း ရပါတယ်။ ဆင်စီးရင်း လာရောက်အပန်းဖြေကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ ဆင်စခန်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ယာယီပိတ်ထားခဲ့ရသော်လည်း ယင်းကာလအတွင်းဆင်ချစ်သူများမှ မွေးနေ့အလှူအဖြစ် အွန်လိုင်းမှနေ၍ ဆင်စာကျွေးမွေးသူများရှိကြောင်း၊ ဆင်အစာအတွက် တစ်ခါကျွေးမွေးလိုပါက ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း၊ ထို့ပြင် ဆင်စာများဝယ်ယူ၍ လာရောက်ပေးကာကျွေးမွေးခိုင်းသူများလည်းရှိကြောင်း၊ ဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ ဆင်စီးပြီးသဘာဝရှုခင်းများကြည့်ရှုလိုသူများအတွက် ပြည်တွင်းခရီးသွားများအနေဖြင့် တစ်ဦးလျှင် စခန်းဝင်ကြေးငွေကျပ် ၁၀၀၀၊ ဆင်စီးခ ဈေးနှုန်းများအနေဖြင့် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❐

○ စာမျက်နှာ ၆ မှ

စားသုံးသူများအတွက် ကောင်းမွန်သည့် အရည်အသွေးများအား ရွေးချယ်နိုင်ရန် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း၊ သဘောတူစာချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အရည်အသွေးမြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့စီးဝင်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများလည်း လွှဲပြောင်းလက်ခံရယူနိုင်မည်ဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍများနှင့် ဆက်စပ်သည့် အခြားနယ်ပယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ယခင်ကရှိခဲ့သည့် အာဆီယံ၏ကုန်သွယ်ရေးသဘောတူစာချုပ်များတွင် ပါဝင်ခြင်းမရှိဘဲ RCEP သဘောတူစာချုပ်တွင် ထည့်သွင်းထားသည့် နယ်ပယ်များဖြစ်သည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအခန်း၊ အစိုးရဝယ်ယူရေးအခန်းနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အခန်းများနှင့် စပ်လျဉ်း၍အကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များအတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

RCEP သဘောတူစာချုပ်သည် ကဏ္ဍစုံပါဝင်သည့် ကမ္ဘာ့အဆင့်မီစာချုပ်ဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များကို လိုက်ပါအကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံအတွက် လိုအပ်သည့်ဥပဒေ၊ မူဘောင်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ပြုပြင်ပြောင်းလဲနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများအတွက်လည်း နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန် အရည်အသွေးမြှင့်တင်နိုင်မည့်အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံဖြစ်သဖြင့် RCEP သဘောတူစာချုပ်တွင် ပါဝင်သည့် အချို့သော ကတိကဝတ်များကို လိုက်ပါဆောင်ရွက်ရန်မလိုဘဲ တစ်ဖက်သတ်အခွင့်အရေးကို (၃)နှစ်မှ (၁၅)နှစ်အထိ ရရှိထားပါသည်။ အဆိုပါအချိန်ကာလအတွင်း နိုင်ငံအတွက် လိုအပ်သည့် ဥပဒေမူဘောင်ရေးဆွဲပြဋ္ဌာန်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ခြင်း၊ စာချုပ်အကောင်အထည်ဖော်မည့် အဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အချိန်မီဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား RCEP သဘောတူစာချုပ် အသက်ဝင်လာခြင်းသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပြင် အနာဂတ်စီးပွားရေးပူးပေါင်းဆောင်မှုများအတွက် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နောက်ထပ်ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# နိုင်ငံတော်နှင့်ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ မွေးထုတ်သွားရမည်

နေပြည်တော် ဧပြီ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းက ဆေးတက္ကသိုလ်(၂)ရန်ကုန်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ ဧပြီ ၂၉ ရက်က ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် ဆေးဝါးတက္ကသိုလ် (ရန်ကုန်) သို့လည်းကောင်း သွားရောက်၍ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကုသရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်များတွင် အချိန်မီ ကျောင်းအပ်နှံရေးကိစ္စရပ်များ၊ ကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးဆိုင်ရာ စာသင်ခန်းမများနှင့် သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။



တက္ကသိုလ်အသီးသီး၌ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်ရလာသည့်အခါ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍသို့ ရောက်ရှိလာကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ မွေးထုတ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင် မိမိတို့ ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လာမည့် ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်သည့် စနစ်သစ်ကို စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စရိတ်ဖြင့် ဆေးပညာသင်ကြားသူများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် မဖြစ်မနေ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဆေးနှင့်ဆေးနီးနွယ်ပညာရပ်များ သင်ကြားရေးအတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များအနေဖြင့် ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် သင်ကြားရေး ဆရာ ဆရာမများသည် ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကုသရေးဆိုင်ရာ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များသည် သင်ကြားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ သရုပ်ပြများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုသရေးအထောက်အကူပြုပစ္စည်း လိုအပ်ချက်များနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အသီးသီးရှိ သင်ကြားရေးဆိုင်ရာ စာသင်ခန်းမများနှင့် သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်မှုများ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန်အတွက် တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အစိုးရအဖွဲ့ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည့် ၁၉ လမ်းနှင့် ၂၆ လမ်းအကြား ကမ်းနားလမ်းနေရာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**တာဝန်ရှိသူများအား မှာကြား**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပတ်ဝန်းကျင်အမြဲသန့်ရှင်းသပ်ရပ်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ဈေးဆိုင်ခန်းများစနစ်တကျရှိရေး၊ အနံ့အသက်ကင်းစင်သောပတ်ဝန်းကျင်ဖြစ်ရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းကွန်းဆိပ်ကမ်း(မရမ်းခြံဆိပ်)သို့ ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က မြေကာနံရံဆောင်ရွက်ပြီးစီးမှုနှင့် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် သွားလာနိုင်ရန်အတွက် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ခွင့်ပြုချက်မရှိဘဲ နေထိုင်မှုများ မရှိစေရေး၊ ကုန်တင်ရေယာဉ်များ အခက်အခဲမရှိ သွားလာနိုင်ရေးနှင့် ဈေးဆိုင်ခန်းများစနစ်တကျရှိရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် စည်ပင်သာယာရေးကော်မတီ၏ မြေလွတ်မြေလပ်နေရာများသို့ သွားရောက်၍ မြို့ပြဖွံ့ဖြိုးရေးတိုးတက်ရန်နှင့် ဧရာဝတီကမ်းခြေသာယာလှပရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

# ညောင်ဦးမြို့နယ် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ၊ ညောင်ဦးဆိပ်ကမ်း ရေလမ်းကောင်းမွန်ရေး သောင်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပုဂံ- ညောင်ဦးလေဆိပ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်ဦးဆိပ်ကမ်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ညောင်ဦးဆိပ်ကမ်းရေလမ်းကြောင်းအခြေအနေနှင့် သောင်တူးလုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သောင်တူးစက်နှစ်စင်းဖြင့် သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်အချိန်ဇယားအတွင်း လုပ်ငန်းရာနှုန်းပြည့်ပြီးစီးစေရေးတို့ကို ကြပ်မတ်စစ်ဆေးသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညောင်ဦးလေဆိပ်ခန်းမဆောင်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက လေဆိပ်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လေကြောင်းဆိုင်ရာ ပစ္စည်းကိရိယာများ အစဉ်ကောင်းမွန်စေရေး၊ လေယာဉ်များ နေ့/ညဆင်းသက်/ထွက်ခွာနိုင်ရေး၊ လေဆိပ်အဆောက်အအုံအတွင်း ရောက်ရှိ/ ထွက်ခွာ ခရီးသည်များအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးမှာကြားပြီး လေကြောင်းထိန်းမျှော်စင်နှင့် လေဆိပ်အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုအောင်မြင်

**နေပြည်တော် မေ ၁၀**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ မေ ၁၄ ရက်တွင် လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသောလက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လူနာမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သည့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူဖြစ်ပြီး မေ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ဓားဖြင့်ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက်၏ လက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသည့် ဒဏ်ရာ(Amputated Left Forearm)ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အဆိုပါနေ့ ညနေပိုင်းတွင် ပြတ်တောက်သွားသောလက်နှင့် အတူ ရောက်ရှိလာရာ သက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော အရေးပေါ်ပြုစုကုသမှုများ ပြုလုပ်ပေးခြင်း၊ လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှု အထူးကု ဆရာဝန်ကြီးများထံ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ပြီး ပြတ်တောက်သွားသောလက် ပြန်လည်ဆက်နိုင်ရေးအတွက် လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်၍ အရေးပေါ် ခွဲစိတ်ခန်းဝင်ရန် ပြင်ဆင်ခဲ့ကြောင်း။

**ခွဲစိတ်ကုသမှုပြီးဆုံး**

ခွဲစိတ်ကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူဘွဲ့ သင်တန်းသား ဒေါက်တာဖြိုးမောင်မောင် ဦးဆောင်သည့် လက်ထောက်ဆရာဝန်(အရိုး) ဒေါက်တာမောင်မောင်လွင်၊ ဆေးပညာဘွဲ့လွန်(အရိုး) သင်တန်းသား ဒေါက်တာမင်းသူ၊ ဒေါက်တာဟိန်းပြည့်အောင်၊ မေ့ဆေးအထူးကု ဆရာဝန် ဒေါက်တာထွန်းထွန်းနိုင်နှင့် အထက်တန်းသူနာပြု ဒေါ်မေသူရတို့ ပါဝင်သောအဖွဲ့က မေ ၁၄ ရက် ည ၇နာရီ မိနစ် ၅၀ မှ စတင်ဆောင်ရွက်ခဲ့ရာ မေ ၁၅ရက် နံနက် ၁ နာရီခွဲတွင် ခွဲစိတ်ကုသမှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါလူနာ၏ လက်မှာ ခွဲစိတ်ပြီးချိန်မှ စတင်၍ သွေးကြောများ ဖြည်းဖြည်းချင်း ပြန်လည်လှည့်ပတ်စီးဆင်းလာပြီး မေ ၂၅ ရက်မှစတင်၍ အကြောအဆစ်ရောဂါကုပညာဌာန ပြင်ပလူနာဌာနတွင် လေ့ကျင့်ခန်းများလုပ်ဆောင်ခဲ့ပြီး မေ ၂၉ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီးဖြစ်သည်။

**အကောင်းဆုံးဖြစ်**

ဤကဲ့သို့ ပြတ်တောက်သွားသောလက်ကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ရန် ဦးစွာပြတ်တောက်သွားသည့်လက်ကို Normal Saline သို့မဟုတ် ရေကျက်အေးနှင့် ဆေးကြောရမည်။ ထိုသို့ ဆေးကြောသန့်စင်ပြီးပါက သန့်ရှင်းသည့် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရမည်။ (ဖြစ်နိုင်ပါက ပလတ်စတစ်အိတ်ထဲတွင် Normal Saline စိမ်ထားသော ပိုးသတ်ထားသည့် ပတ်တီးစ အကြီးဖြင့်စည်း၍ ထည့်ပေးပါ)။ ထို့နောက် ရေခဲပုံးထဲသို့ ထည့်၍ ဆေးရုံသို့ သယ်ဆောင်လာရမည်ဖြစ်ကြောင်း၊ လက်စတင်ပြတ်တောက်သည့် အချိန်မှ လေးနာရီသို့မဟုတ် ခြောက်နာရီအတွင်း လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှု အထူးကု ဆရာဝန်ကြီးများရှိရာ ဆေးရုံကြီးများသို့ ရောက်ရှိပါက အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ခွဲစိတ်ပြီးချိန်မှစတင်၍ သွေးကြောများ ပြန်လည်လှည့်ပတ်စီးဆင်းလာပြီး ၂၅-၄-၂၀၂၂ ရက်နေ့တွင် အကြောအဆစ်ရောဂါကုပညာဌာန ပြင်ပလူနာဌာန၌ လေ့ကျင့်ခန်းများ လုပ်ဆောင်စဉ်။






၁၄-၄-၂၀၂၂ ရက်တွင် ဓားဖြင့်ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက် လက်ကောက်ဝတ်မှ ပြတ်တောက်သွားသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသည့်အခြေအနေကို တွေ့ရစဉ်။

## လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ခန်းမ၌ အေရိုးဗစ်သင်တန်းကျင်းပ

**ဗဟန်း မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် (ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အေရိုးဗစ်သင်တန်းကို ယနေ့ နံနက်၁၀နာရီက လူထုအခြေပြုဗဟိုဌာန (ဗဟန်း)ခန်းမ၌ ကျင်းပသည်။

**အချိန်ကိုအကျိုးရှိစွာ အသုံးပြု**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနောက်ပိုင်းခရိုင်ဦးစီးမှူးက လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ ကျန်းမာကြံ့ခိုင်ပြီး အားကစားစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်ကို အကျိုးပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသည့် သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်နှင့် အများနှင့် ပူးပေါင်းပါဝင်တတ်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျောင်းသူလေးများက အေရိုးဗစ်သင်တန်းတွင် လက်တွေ့ကပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပင်လောင်းမြို့နယ်တွင် စစ်တုရင်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ပင်လောင်း မေ ၁၀**

အနာဂတ်၏ကြယ်ပွင့် ကလေးများဖြစ်သော ကျောင်းသားကျောင်းသူများ၏ ဗလငါးတန် ပိုမို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နွေရာသီ ကျောင်းပိတ်ရက် အားလပ်ချိန်များကို အကျိုးရှိရှိ အသုံးပြုနိုင်စေရန် ရည်ရွယ်လျက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စစ်တုရင်ပြိုင်ပွဲနှင့် ရုံးခြံဝင်းအတွင်း ပိုက်ကျော်ခြင်းကွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပင်လောင်းမြို့နယ် အားကစားမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိစစ်တုရင်ဝါသနာရှင်များ၊ ပိုက်ကျော်ခြင်းဝါသနာရှင်များပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် သုံးယောက်တွဲဖြင့် ပြိုင်ပွဲဝင်အသင်း ရှစ်သင်းအား ပတ်လည်စနစ်၊ ရှုံးထွက်စနစ်များဖြင့် ယှဉ်ပြိုင်ကစားကြပြီး စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀ ဦးအား ပတ်လည်စနစ်၊ ရှုံးထွက်စနစ်များဖြင့် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**ထွန်းလင်း(ပင်လောင်း)**




# နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုအရ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ခရိုင်အသစ်များထပ်မံတိုးချဲ့

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ တိုးတက်ပြောင်းလဲလာသည်နှင့် အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ယခုထက် ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄၊ ၂၈၄ (ခ)တို့နှင့်အညီ မူလက ခရိုင်(၇၅)ခရိုင်ဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၂၂ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၀၉/၂၀၂၂၊ ၃၂၀/၂၀၂၂၊ ၃၂၁/ ၂၀၂၂၊ ၃၂၂/ ၂၀၂၂၊ ၃၂၃/ ၂၀၂၂၊ ၃၂၄/ ၂၀၂၂၊ ၃၂၅/ ၂၀၂၂၊ ၃၂၆/ ၂၀၂၂၊ ၃၂၇/ ၂၀၂၂၊ ၃၂၈/ ၂၀၂၂၊ ၃၂၉/ ၂၀၂၂၊ ၃၃၀/ ၂၀၂၂၊ ၃၃၁/ ၂၀၂၂၊ ၃၃၂/ ၂၀၂၂၊ ၃၃၃/ ၂၀၂၂ တို့ဖြင့် ခရိုင်(၄၆)ခရိုင်အား အောက်ပါအတိုင်း ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။


| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | မူလဖွဲ့စည်းမှု | အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းမှု |
|---|---|---|---|
| ၁ | နေပြည်တော် | ဥတ္တရခရိုင်<br>ဒက္ခိဏခရိုင် | ပျဉ်းမနားခရိုင်<br>ဇေယျာသီရိခရိုင် |
| ၂ | ကချင် | ပူတာအိုခရိုင်<br>ဗန်းမော်ခရိုင်<br>မိုးညှင်းခရိုင်<br>မြစ်ကြီးနားခရိုင် | တနိုင်းခရိုင်<br>ချီဖွေခရိုင် |
| ၃ | ကယား | လွိုင်ကော်ခရိုင်<br>ဘော်လခဲခရိုင် | ဒီးမော့ဆိုခရိုင်<br>မယ်စဲ့ခရိုင် |
| ၄ | ကရင် | ကော့ကရိတ်ခရိုင်<br>ဖာပွန်ခရိုင်<br>ဘားအံခရိုင်<br>မြဝတီခရိုင် | ကြာအင်းဆိပ်ကြီးခရိုင်<br>သံတောင်ကြီးခရိုင် |
| ၅ | ချင်း | ဖလမ်းခရိုင်<br>မတူပီခရိုင်<br>မင်းတပ်ခရိုင်<br>ဟားခါးခရိုင် | တီးတိန်ခရိုင်<br>ပလက်ဝခရိုင် |
| ၆ | စစ်ကိုင်း | ကလေးခရိုင်<br>ကသာခရိုင်<br>ကောလင်းခရိုင်<br>ကန့်ဘလူခရိုင်<br>ခန္တီးခရိုင်<br>စစ်ကိုင်းခရိုင်<br>တမူးခရိုင်<br>မုံရွာခရိုင်<br>မော်လိုက်ခရိုင်<br>ယင်းမာပင်ခရိုင်<br>ရွှေဘိုခရိုင် | ရေဦးခရိုင်<br>ဟုမ္မလင်းခရိုင် |
| ၇ | တနင်္သာရီ | ထားဝယ်ခရိုင်<br>မြိတ်ခရိုင်<br>ကော့သောင်းခရိုင် | ဘုတ်ပြင်းခရိုင် |
| ၈ | ပဲခူး | ပဲခူးခရိုင်<br>တောင်ငူခရိုင်<br>ပြည်ခရိုင်<br>သာယာဝတီခရိုင် | ညောင်လေးပင်ခရိုင်<br>နတ်တလင်းခရိုင် |
| ၉ | မကွေး | မကွေးခရိုင်<br>ဂန့်ဂေါခရိုင်<br>ပခုက္ကူခရိုင်<br>မင်းဘူးခရိုင်<br>သရက်ခရိုင် | အောင်လံခရိုင်<br>ချောက်ခရိုင် |
| ၁၀ | မန္တလေး | မန္တလေးခရိုင်<br>ပြင်ဦးလွင်ခရိုင်<br>ကျောက်ဆည်ခရိုင်<br>မြင်းခြံခရိုင်<br>ညောင်ဦးခရိုင်<br>ရမည်းသင်းခရိုင်<br>မိတ္ထီလာခရိုင် | သပိတ်ကျင်းခရိုင်<br>တံတားဦးခရိုင်<br>အောင်မြေသာစံခရိုင်<br>အမရပူရခရိုင် |
| ၁၁ | မွန် | မော်လမြိုင်ခရိုင်<br>သထုံခရိုင် | ကျိုက်ထိုခရိုင်<br>ရေးခရိုင် |
| ၁၂ | ရခိုင် | စစ်တွေခရိုင်<br>မောင်တောခရိုင်<br>ကျောက်ဖြူခရိုင်<br>သံတွဲခရိုင်<br>မြောက်ဦးခရိုင် | အမ်းခရိုင်<br>တောင်ကုတ်ခရိုင် |
| ၁၃ | ရန်ကုန် | အရှေ့ပိုင်းခရိုင်<br>အနောက်ပိုင်းခရိုင်<br>တောင်ပိုင်းခရိုင်<br>မြောက်ပိုင်းခရိုင် | ဗိုလ်တထောင်ခရိုင်<br>ဒဂုံမြို့သစ်ခရိုင်<br>တွံတေးခရိုင်<br>ကျောက်တံတားခရိုင်<br>မရမ်းကုန်းခရိုင်<br>ကမာရွတ်ခရိုင်<br>တိုက်ကြီးခရိုင်<br>လှည်းကူးခရိုင်<br>မှော်ဘီခရိုင်<br>မင်္ဂလာဒုံခရိုင် |
| ၁၄ | ရှမ်း | တောင်ကြီးခရိုင်<br>လွိုင်လင်ခရိုင်<br>လင်းခေးခရိုင်<br>တာချီလိတ်ခရိုင်<br>မူဆယ်ခရိုင်<br>ကျောက်မဲခရိုင်<br>မိုးမိတ်ခရိုင်<br>မိုင်းဆတ်ခရိုင်<br>ကျိုင်းတုံခရိုင်<br>လားရှိုးခရိုင်<br>ဟိုပန်ခရိုင်<br>မက်မန်းခရိုင် | ကလောခရိုင်<br>နမ့်စန်ခရိုင်<br>မိုင်းရှူးခရိုင်<br>မိုင်းယောင်းခရိုင်<br>မိုင်းလားခရိုင်<br>မိုင်းယန်းခရိုင်<br>မိုင်းတုံခရိုင်<br>တန့်ယန်းခရိုင်<br>ကွတ်ခိုင်ခရိုင် |
| ၁၅ | ဧရာဝတီ | ပုသိမ်ခရိုင်<br>ဖျာပုံခရိုင်<br>မအူပင်ခရိုင်<br>မြောင်းမြခရိုင်<br>လပွတ္တာခရိုင်<br>ဟင်္သာတခရိုင် | ကျုံပျော်ခရိုင်<br>မြန်အောင်ခရိုင် |
| | **စုစုပေါင်း** | **(၇၅) ခရိုင်** | **(၄၆) ခရိုင်** |

သို့ဖြစ်ပါ၍ မူလက ခရိုင်(၇၅)ခရိုင်ဖွဲ့စည်းထားရာမှ ခရိုင်(၄၆)ခရိုင်ကို အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းခဲ့သည့်အတွက် စုစုပေါင်းခရိုင်(၁၂၁)ခရိုင်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





### နက်ဖြန်နှင့် ဘဝဒဿနကဗျာများ

စာရေးသူ အောင်ကျူးရေးသားသည့် နက်ဖြန်နှင့် ဘဝဒဿနကဗျာများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် နက်ဖြန် (မွေးနေ့အလွန် အတွေးတစ်စ)၊ ဘဝ ခရီးတစ်ဝက်က ခရီးဆက်လူသား၊ ခရီးသွားညှော်သည် တစ်ယောက်၊ ပုထုဇဉ် လူမိုက်တစ်ယောက်ရဲ့ မွေးနေ့အကြို ဒဿန၊ မွန်းတည့်ချိန်အောက်ကလူသား၊ နှစ်အသစ်နဲ့ လူအဟောင်း၊ သစ်ခြင်းဟောင်းခြင်းနိယာမ၊ ကျိန်စာသင့်တဲ့ရွာ၊ အိမ်တွင်းပုန်းအတွေး၊ နေညိုချိန်၊ ဘုရားပြီးငြမ်းဖျက်၊ ကံမစမ်းသင့်တဲ့ ကစားပွဲစသည့် ဘဝသရုပ်ဖော် ဒဿနကဗျာပုဒ်ရေ ၄၅ ပုဒ်ကို ဖတ်ရှုခံစားရမည်ဖြစ်သည်။

စာအုပ်ကို အောင်ကျူးမီဒီယာ ဖုန်း-၀၉-၅၁၇၆၉၃၆ မှ ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။




### အတိတ်ခြေရာ

စာရေးသူ ရဲကျော် ရေးသားသည့် အတိတ်ခြေရာ (စစ်၊ အချစ်နှင့် ငြိမ်းချမ်းရေး ဘဝသရုပ်ဖော် ဝတ္ထုတိုများ) စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် လမ်းခုလတ်၌ ဆင်း၍ကျန်ခဲ့ရသော်လည်း၊ ထိုတစ်ညှ၊ ကျွန်တော့်ကို အမိန့်ပြန်ပေးပါ၊ ဒီဆုတောင်းကြောင့်၊ ဘဂျမ်းနှင့် ခိုတစ်ကောင် ဇာတ်လမ်း၊ ကြမ္မာအလှည့်၊ အတိတ်ခြေရာ၊ နွေဦးအလွန်၊ တိုက်ဆိုင်မှု တစ်ခုသာဖြစ်စေချင်၊ ဒီနေ့ ဒီရက် ဒီအချိန် ဒီနေရာ စသည့် စာစုတိုများနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ကြုံဆုံခဲ့ရသည့် ဖြစ်ရပ်မှန်များထဲမှ ဖြစ်ရပ်ဆန်းကြယ်များ၊ သင်ခန်းစာယူစရာများ၊ သံယောဇဉ်နှင့် လွမ်းမောဖွယ် အချစ်ဇာတ်လမ်းများကို ဖော်ကျူးရေးဖွဲ့ထားသည်။

အတိတ်ခြေရာ စာအုပ်ပါ စစ်၊ အချစ်နှင့် ငြိမ်းချမ်းရေးဘဝသရုပ်ဖော်ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖတ်ရှုရခြင်းဖြင့် စာဖတ်သူရင်ထဲ ခံစားမှုရသ တစ်စုံတစ်ရာ ရရှိမည်ရန် ခံစားရေးဖွဲ့ထားသည်။

စာအုပ်ကို အောင်ကျူးမီဒီယာ ဖုန်း-၀၉-၅၁၇၆၉၃၆ မှ ကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ရှမ်းပြည်နယ် ဟိုမိန်းမြို့၌ ရေအားလျှပ်စစ်စက်ရုံနှင့် ဓာတ်အားလိုင်းဖွင့်ပွဲ ကျင်းပ

**ဟိုမိန်း ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဟိုမိန်းမြို့တွင် ရေအားလျှပ်စစ်စက်ရုံနှင့် ဓာတ်အားလိုင်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဟိုမိန်းမြို့ အမှတ်(၃)ရက်ကွက်၌ ကျင်းပသည်။

**အကောင်အထည်ဖော်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပေါင်းစုံ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်အောင် နည်းလမ်းပေါင်းစုံအသုံးပြုပြီး ဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အပြီးထိ အိမ်ထောင်စုပေါင်း(၅၂ ဒသမ ၆၉)ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား လွှမ်းခြုံဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဟိုမိန်းဒေသတွင် စီးဆင်းနေသည့် ဟွေခံမွန်ချောင်းရေကို နည်းပညာအကူအညီရယူပြီး ခက်ခက်ခဲခဲ ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်ခဲ့သဖြင့် ယခုအခါ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးတစ်ခု ခန့်ညားဝံ့ထည်စွာ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအနေဖြင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ငွေကျပ် ၉၈၅ ဒသမ ၃၈၈ သန်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ရန် ငွေကျပ် ၇၆၉ ဒသမ ၄၉၉ သန်း စုစုပေါင်း ငွေကျပ် ၁၇၅၄ ဒသမ ၈၈၇ သန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာငွေရရှိအောင် ဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းဝဏ္ဏက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ဟိုမိန်းမြို့ဒေသခံ ဦးခွန်တိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဟိုမိန်းမြို့ရှိ ကျေးရွာများအတွက် LED မီးဆိုလာပြားများနှင့် စာသင်ကျောင်းများအတွက် ဗလာစာအုပ်များအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးတို့က ပေးအပ်ရာ ဒေသခံပြည်သူ ဦးခွန်တိုးအောင်နှင့်ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူကြသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ စက်ရုံဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကာ မီးလင်းမည့် စက်ခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအနီးရှိ မြို့သစ်ရပ်ကွက်နှင့် အိုးဘိုတောင်ရပ်ကွက်တို့ရှိ ရပ်ကွက်တွင်းလမ်းများ သန့်ရှင်းသာယာရေးနှင့် ရပ်ကွက်နေပြည်သူများ သွားလာရေး အဆင်ပြေစေရန်၊ မြို့အင်္ဂါရပ်နှင့်အညီ အဆင့်တန်းရှိစွာ နေထိုင်နိုင်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ စိန်ပန်းနီလမ်း အရှည် ပေ ၉၉၀၊ အကျယ် ၁၈ ပေအား နိုင်လွန်ကတ္တရာ ဒုသုံးလက်မခွဲ ခင်းကျင်းပြီးစီးမှုနှင့် အမှတ်(၁၀)လမ်း အရှည်ပေ ၂၁၅၀၊ အကျယ် ၁၆ ပေ ကတ္တရာလမ်း ခင်းကျင်းနေမှုများကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ရှင်းလင်းတင်ပြသည်။

**ရေစီးရေလာကောင်းမွန်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့များစုပေါင်း၍ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချင်းတွင်းမြစ်ဘေးရှိ ကမ်းနားလမ်း၊ မြို့သစ်ရပ်ကွက်၊ စိန်ပန်းပြာလမ်းမှ ကွေ့ကြီးရပ်ကွက်ပင်စင်အထိ အရှည်ပေ ၅၆၅၀၊ အကျယ် ၂၂ ပေ နိုင်လွန်ကတ္တရာ ဒုသုံးလက်မခွဲ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန်သာယာကျွန်းမြောက်ဘက်ပတ်လမ်း အရှည်ပေ ၂၉၀၀၊ အကျယ် ၁၈ ပေ၊ ဒုသုံးလက်မရှိ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှုကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန်သာယာရာပြည့် ဘုရားကျွန်းပတ်လည် မြေထိန်းကျောက်ထုတ်လောင်းခြင်း တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ



တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ရာပြည့်ဘုရားကျွန်းပတ်လည် ပေ ၂၃၀၀ နှင့် ပြည်ထောင်စုကျွန်းပတ်လည် ပေ ၂၂၅၀ မြေထိန်းကျောက်ထုတ်လောင်းခြင်းလုပ်ငန်းများနှင့် ရာပြည့်ဘုရားရင်ပြင်တော် နေပူခံကျောက်ပြားများခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စေရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကာ မြေထိန်းကျောက်ထုတ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❐

# ဒိန်းမတ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားကို နှစ်ဆတိုးမြှင့်ထုတ်လုပ်မည်



ဟန်ဂျိုး မေ ၂၀

ဒိန်းမတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားကို မဂ္ဂါဝပ် ၁၄၆၀၀ အထိ နှစ်ဆတိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် ကျောက်မီးသွေးအသုံးပြုမှုကို လျှော့ချကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဒိန်းမတ်အစိုးရက ပြောကြားသည်။

ဒိန်းမတ်နိုင်ငံ၏ ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နောက်ဆုံးမူကြမ်းကို လာမည့်လအတွင်း ဝန်ကြီးချုပ်ထံသို့ တင်ပြမည်ဖြစ်ကြောင်းနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို ကန့်သတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒိန်းမတ်အစိုးရက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အဆိုပါအစီအစဉ်သည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချမည့် ဒိန်းမတ်နိုင်ငံ၏ ကတိကဝတ်ပြုမှုတွင် အကျုံးဝင်ကြောင်း သိရသည်။ အရှေ့တောင်အာရှ၌ ဓာတ်အားထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်သည့် ဒိန်းမတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဓာတ်အား ၇၆၆၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ၌ နေစွမ်းအင်နှင့် လေစွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုသည် နိုင်ငံ၏ဓာတ်အားထုတ်လုပ်မှုစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်းလည်း သိရသည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်

## အမေရိကန်တရားရုံးက အိုင်အက်စ်စစ်သွေးကြွတစ်ဦးအား ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်

ဝါရှင်တန် မေ ၂၀

ဆီးရီးယားနိုင်ငံ၌ အမေရိကန်လေးဦးနှင့် ဂျပန်နိုင်ငံသားနှစ်ဦးတို့အား လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ခဲ့သည့် အိုင်အက်စ်စစ်သွေးကြွတစ်ဦးအား အမေရိကန်တရားရုံးက ထောင်ဒဏ်တစ်သက်ပြစ်ဒဏ် ချမှတ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗာဂျီးနီးယားမြို့ရှိ အမေရိကန်တရားရုံးက အိုင်အက်စ်စစ်သွေးကြွ အလက်ဇန္ဒားကိုတေးအား ထောင်ဒဏ်တစ်သက် ယမန်နေ့တွင် ချမှတ်ခဲ့သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အလက်ဇန္ဒားကိုတေးနှင့် အီရာဖီအီရှိခ်တို့နှစ်ဦးသည် အမေရိကန်လေးဦးနှင့် သတင်းထောက်ဂျိမ်းဖော်လေနှင့် စတီဗင်ဆော့လော့ဖ်တို့အား လုပ်ကြံသတ်ဖြတ်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။



ထို့ပြင် ၂၀၁၅ ခုနှစ်က ဂျပန်နိုင်ငံသားနှစ်ဦးဖြစ်သည့် ဂိုတိုကင်ဂျီနှင့် ယူကာဝါဟာရုနာတို့အား သတ်ဖြတ်ခဲ့မှုတွင်လည်း ပါဝင်ပတ်သက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက ၎င်းအပေါ်စွဲဆိုချက်များသည် မှန်ကန်ပါကြောင်း ကိုတေးက ဝန်ခံခဲ့သည်။

ကိုတေး၏ အပေါင်းအဖော်ဖြစ်သည့် အီရာဖီအီရှိခ်သည်လည်း အဆိုပါလူသတ်မှုကျူးလွန်ခြင်းများတွင် ပါဝင်ပတ်သက်မှုရှိကြောင်း လွန်ခဲ့သောလအတွင်းက တွေ့ရှိခဲ့သည်။ ယင်းကြောင့် ၎င်းအား ဩဂုတ်လတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၄၄ သန်းကျော်ရှိလာ

ကွာလာလမ်ပူ မေ ၂၀

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၇၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၄၅၈၉၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၅၇၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခြောက်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၅၄၂ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၀၅၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၆၀၀၆၀ ဦးရှိလာကြောင်းနှင့်လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၆၈၀၀၇ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၁ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



## အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ ဘာသာရေးအဆောက်အအုံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံး ၁၀ ဦး သေဆုံး

ကဘူးလ် မေ ၂၀

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ ကနဦးရရှိသော စာရင်းများဖြစ်သည့်အတွက် ယင်းထက်ပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ်ဒူနာဖက်က ဆိုသည်။

ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်တွင် ခါလီဖာဆာဟစ် ဘာသာရေးအဆောက်အအုံ၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အစ္စလာမ်ဘာသာဝင်များဝတ်ပြုပြီးနောက် တစ်နာရီကျော်ကြာသည့်အချိန်တွင် အဆိုပါ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ဝတ်ပြုသူများအား အဓိကပစ်မှတ်ထားခြင်းဖြစ်ကြောင်း မျက်မြင်သက်သေ မိုဟာမက်ဘာရှာက ဆိုသည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ ကျူးလွန်ကြောင်း ဝန်ခံပြောကြားခြင်းမရှိသေးပေ။

မကြာသေးမီ ရက်သတ္တပတ်များကလည်း နိုင်ငံအတွင်း၌ တာလီဘန်အဖွဲ့အား ဆန့်ကျင်သည့် အိုင်အက်စ်စစ်သွေးကြွများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံမြောက်ပိုင်းရှိ မာဇာအီရှာရစ်မြို့၌ မေ ၂၈ ရက်က ဘတ်စ်ကားနှစ်စီး ဗုံးဖောက်ခွဲခြင်းဖြစ်ပွားခဲ့ရာ ၁၁ ဦးသေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ အကြမ်းဖက်မှုကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

■



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၈၈ ဦးထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၂၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၈၈ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၇၅၈၆၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

### သုံးရက်ဆက်တိုက်ရှိ

လွန်ခဲ့သော လများက နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာပြီးနောက် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀၀ ကျော် ရောက်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၅၀ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၃၈၀၃ ဦးရှိကြောင်း သိရသည်။

### ပြန်လည်မြင့်တက်

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၆၈၄ ဦးရှိသည်။ ပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သောလအနည်းငယ်အတွင်း လျော့ကျခဲ့သော်လည်း ယခုရက်သတ္တနှစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၅၅ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၃၃၃၇၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ရုရှားသမ္မတ ပူတင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်



ဂျကာတာ ဧပြီ ၃၀

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် လာမည့်နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပရန် စီစဉ်ထားသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

**ဝေဖန်မှုများထွက်ပေါ်**

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်၏ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအလှည့်ကျဥက္ကဋ္ဌဖြစ်ကြောင်းလည်း သိရသည်။ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ဆင်ရေး ဆင်နွှဲခဲ့ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ရုရှားသမ္မတဗလာဒီမာပူတင်တက်ရောက်သင့်၊ မသင့်နှင့်စပ်လျဉ်း၍ ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဧပြီ ၂၉ ရက်က ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ရာတွင် ပူတင်က ၎င်းအနေဖြင့် အဆိုပါ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရည်ရွယ်ထားသည်ကို သိရှိရကြောင်း ဂျိုကိုဝီဒိုဒိုက ထုတ်ဖော်ပြောကြားခဲ့သည်။

**ပြင်ဆင်လျက်ရှိ**

ထို့ပြင် ရုရှားသမ္မတ ဗလာဒီမာပူတင်က အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်ဟု ဂျိုကိုဝီဒိုဒိုက ဆက်လက်ပြောကြားသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြင်ဆင်လျက်ရှိကြောင်းလည်း ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**ဖိတ်ကြား**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ယူကရိန်းသမ္မတ ဇီလန်စကီးကိုလည်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဧပြီ ၂၈ ရက်က ဖုန်းဖြင့် ဆက်သွယ် ဖိတ်ကြားခဲ့ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# Moderna ဆေးဝါးကုမ္ပဏီက ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစက်ရုံ တည်ဆောက်မည်

အော့တဝါ ဧပြီ ၃၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်သည့် Moderna ဆေးဝါးကုမ္ပဏီသည် နှစ်စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သန်း ၁၀၀ အထိ ဖြန့်ဖြူးနိုင်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံတစ်ခုကို ကနေဒါနိုင်ငံ ကွီဘက်မြို့၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါက ဧပြီ ၂၉ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံကို ယခုနှစ်အတွင်း စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်အစောပိုင်းတွင် စက်ရုံလုပ်ငန်းလည်ပတ်မှုများ စတင်နိုင်ရန်မျှော်လင့်လျက်ရှိကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံ၌ တည်ဆောက်မည့် အဆိုပါကာကွယ်ဆေးစက်ရုံသည် Moderna ဆေးဝါးကုမ္ပဏီက လက်ရှိထုတ်လုပ်မှုရပ်ဆိုင်းထားသည့် တုပ်ကွေးရောဂါကဲ့သို့သော အခြားသောရောဂါများအတွက် ကာကွယ်ဆေးများထုတ်လုပ်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အရွယ်ရောက်ပြီးသူများအတွက်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ဆယ်ကျော်သက်အရွယ်များအတွက်လည်းကောင်း၊ ၂၀၂၂ ခုနှစ် မတ်လတွင် အသက်ခြောက်နှစ်မှ ၁၁ နှစ်အရွယ်များအတွက်လည်းကောင်း အသုံးပြုရန်အတည်ပြုခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၉ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ကနေဒါနိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေးငယ်များ ထိုးနှံပေးရန် မည်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုမျှ အတည်ပြုထားခြင်းမရှိသေးကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တရုတ်နိုင်ငံက ဒေသတွင်းနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အများဆုံးထောက်ပံ့သည့်နိုင်ငံဖြစ်သည်ဟု စစ်တမ်းတစ်ရပ်တွင် ဖော်ပြ

ဖနောင်ပင် ဧပြီ ၃၀

တရုတ်နိုင်ငံသည် ဒေသတွင်းနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများဆုံးထောက်ပံ့သည့်နိုင်ငံဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်းပြုလုပ်သည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖနောင်ပင်မြို့အခြေစိုက် လွတ်လပ်သော အာရှဖွံ့ဖြိုးရှင်းအင်စတီကျူဥက္ကဋ္ဌ ချန်ဗန်နာရစ်နှင့် စင်ကာပူနိုင်ငံအခြေစိုက် ISEAS–Yusof Ishak အင်စတီကျူမှ တာဝန်ရှိသူတစ်ဦးတို့က ဖနောင်ပင်မြို့နေ ပြည်သူ ၁၀၀ ခန့်အား ဖေဖော်ဝါရီလအတွင်းက အဆိုပါ စစ်တမ်းကို အွန်လိုင်းမှတစ်ဆင့် ကောက်ယူခဲ့သည်။

**ယုံကြည်မှုအပြည့်အဝရှိ**

အဆိုပါစစ်တမ်းတွင် ပါဝင်ခဲ့သူများအနက် ၉၀ ကျော်က တရုတ်နိုင်ငံသည် ဒေသတွင်းနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများဆုံးထောက်ပံ့ပေးသည့် နိုင်ငံဖြစ်သည်ဟု ဖော်ပြကြပြီး ၆၈ ရာခိုင်နှုန်းက တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများဖြစ်သည့် Sinopharm နှင့် Sinovac တို့ကိုလည်း ယုံကြည်မှုအပြည့်အဝရှိကြောင်း ဖော်ပြကြသည်။

"Cambodian Perception of the New Chinese"ဟု အမည်ပေးထားသည့် အဆိုပါစစ်တမ်းတွင် ပါဝင်ဆင်နွှဲသူ ၅၃ ရာခိုင်နှုန်းက တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအား စီးပွားရေးထောက်ပံ့မှု အများဆုံးပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိ**

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံကျသည့် အဓိကစီးပွားရေးဇာတ်ဆောင်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံကလည်း တရုတ်စီးပွားရေးရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားများနှင့် အလှူရှင်များကို ဖိတ်ခေါ်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ခြင်းမှာ ကမ္ဘောဒီးယားဒေသခံပြည်သူများ ဝင်ငွေများမြင့်မားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၉ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဧပြီ ၃၀

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၉ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းကူးစက်ခံရသူအရေအတွက်သည် ဧပြီ ၂၉ ရက်တွင် ကူးစက်ခံရသူ အရေအတွက်ထက် ၉၅၉ ဦးအထိ လျော့ကျမှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

**ကူးစက်ခံရသူ စုစုပေါင်း ၁၀၆၄၉၈၀၉ ဦးရှိ**

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၆၄၉၈၀၉ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၀၄၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၉၂၆၂၅၅ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၁၄ ဒသမ ၈ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါ နိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၅ ဒသမ ၉ သန်းကျော် ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၇ ဦး ထပ်မံတွေ့ရှိ



စင်ကာပူ ဧပြီ ၃၀

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၇ ဦး ထပ်မံစစ်ဆေး တွေ့ရှိရသည့်အတွက် ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၉၅၇၆၇ ဦးရှိလာကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**စစ်ဆေးတွေ့ရှိ**

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၁၄ ဦးသည် ရောဂါကွင်းဆက် တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၂၂၀၃ ဦးသည် ရောဂါ ရှိ၊ မရှိ လျင်မြန်စွာ စစ်ဆေးသည့် နည်းလမ်းများဖြင့် ရောဂါတွေ့ရှိခြင်း ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ရောဂါကွင်းဆက် တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိသူများအနက် ၃၀၄ ဦးသည် ဒေသတွင်းမှဖြစ်ပြီး ၁၀ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။ ထို့ပြင် ရောဂါရှိ၊ မရှိ လျင်မြန်စွာ စစ်ဆေးသည့် နည်းလမ်းများဖြင့် တွေ့ရှိသူများအနက် ၂၁၅၉ ဦးသည် ဒေသတွင်းမှဖြစ်ပြီး ၄၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၅ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ခြောက်ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ထပ်မံမရှိကြောင်းနှင့် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၃၃၄ ဦးရှိပြီဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

❖

# အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက်နေ စိုးနိုင်(ဘ)ဦးစောသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အတွင်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ပြုလုပ်သည့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ လက်လုပ်မိုင်းများစမ်းသပ်ထုတ်လုပ်ပေးခြင်း၊ လက်နက်၊ ခဲယမ်းများ သယ်ယူပို့ဆောင်ပေးခြင်းကြောင့် လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၈)ရပ်ကွက်နေ ကျော်ဝင်းထွဋ်(ခ)ကျော်ကြီး(ဘ)ဦးတက်နေဝင်း၊ အမှတ်(၁၆)ရပ်ကွက်နေ ဖြိုးကိုကို(ခ)ဖြိုးကို(ဘ)ဦးထွန်းမင်းနှင့် သက်ပိုင်ဦး(ခ)ပိုင်လေးတို့ သုံးဦးသည် လှိုင်သာယာမြို့နယ်အတွင်း ပြုလုပ်သည့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ လက်နက်များ သိုဝှက်သိမ်းဆည်းခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း၌ အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက်နေ ခိုင်ဝင်းစိုး(ခ)ထိန်လင်း(ခ)ကိုထက် (ဘ) ဦးမြင့်မောင်၊ ဘုန်းမြင့်ဝင်း(ခ)ဒင်္ဂါး(ခ)ကျော်ကြီး (ဘ)ဦးမောင်မောင်ထွေး၊ မျိုးဦး(ဘ)ဦးမျိုးညွန့်အောင်နှင့် မှော်ဘီမြို့နယ် အုတ်စက်အလုပ်သမားဝင်းနေ ခိုင်ထွန်းဦး(ခ)စောမိုးဇက်(ခ)ချက်ကြီး (ဘ) ဦးစိန်ထွန်းရီတို့ လေးဦးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွှေပြည်သာမြို့နယ်အတွင်း ပြုလုပ်သည့် ဆူပူဆန္ဒပြမှုများတွင်ပါဝင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းပေးခြင်းနှင့် ပို့ဆောင်ပေးခြင်းများကြောင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မိန်းမပြေးကျေးရွာနေ ကျော်ဇော(ခ)ဂြိုလ်သား(ဘ)ဦးထွန်းအောင်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် မတ် ၈ ရက်အတွင်း မြောက်ဥက္ကလာပမြို့နယ်အတွင်းပြုလုပ်သည့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အားပေးကူညီခြင်းတို့ကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)နှင့် ၅၀(ဈ)တို့အရ ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်တွင် "ထောင်ဒဏ်တစ်သက်"ပြစ်ဒဏ် အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)အမှုမှ တရားခံ စိုးနိုင်၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)အမှုမှ တရားခံ ကျော်ဇော(ခ)ဂြိုလ်သား၏ မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)အမှုမှ တရားခံ ဖြိုးကိုကို(ခ)ဖြိုးကိုနှင့် ကျော်ဝင်းထွဋ်(ခ)ကျော်ကြီး (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။









အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)အမှုမှ တရားခံ ခိုင်ဝင်းစိုး(ခ)ထိန်လင်း(ခ)ကိုထက်၊ ဘုန်းမြင့်ဝင်း(ခ)ဒင်္ဂါး(ခ)ကျော်ကြီး၊ ခိုင်ထွန်းဦး(ခ)စောမိုးဇက်နှင့် မျိုးဦး (ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။

# တရားမဝင် သစ်မျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၇ ဒသမ ၄၂၅၂ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၉၆၄၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်နှင့် သင်္ဂဒူသစ်ခွဲသားများ ၃ ဒသမ ၇၆၁၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၄၆၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၅-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | ပဋ္ဌာနသုတ်၊ ရတနသုတ်၊ တော့ရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုသည်မှာ |
| ၀၉:၁၅ | တရုတ်ကာတွန်း 'ရိုးတုံးမွန့်တားခန်း' (အပိုင်း-၇) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၄၀ | 'ရွှေညာသူရွှေညာသား' တေးဂီတဖျော်ဖြေပွဲ |
| ၁၃:၀၀ | This Week's Special Interest |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ညမျက်လုံးနှင့်ရတနာ' (ညွှန့်ဝင်း၊ မြင့်မြင့်ခင်၊ ဆွေဇင်ထိုက်) |
| ၁၆:၃၅ | သမိုင်းကိုမြင်နိုင်သည့်ယဉ်ကျေးမှုအမွေ |
| ၁၇:၁၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၂၅ | Road to 31st SEA Games Vietnam (Weightlifting) |
| ၁၇:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဧပြီလ) (ပထမပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသီရိဂေဟာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'အဖြူရောင်နှလုံးသားများ' |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae) |
| 07:10 | Kyaikkale pagoda |
| 07:23 | Myanmar Traditional Snacks: Popped Rice Ball |
| 07:28 | Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands |
| 07:43 | The Third Prize Winner |
| 08:01 | Mahavihara: From Forest Monastery to Dhamma-Vinnya University |
| 08:35 | Today Myanmar: Summer Sports Training Course Completion Ceremony |
| 08:43 | Products of Myanmar - Pictures Decorated With Seashells And Gemstones |
| 08:55 | Popa Flat-Topped Hill (Taung-Ka-Lat) |
| 09:01 | News |
| 09:24 | Global Partnership for Brighter Future: El Salvador Pavilion at Expo 2020 Dubai |
| 09:34 | Healthy Diet: Balanced Diet |
| 09:40 | Exceptional Life Styles of Inle Lake |

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရှန်းကာန်လှုပ်ရှားသူတို့ဘဝများ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဟားစည်မြေမှ ရိုးရာအလှ (အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရင်သားကင်ဆာအကြောင်းသိကောင်းစရာ

**ချင်း (ဇိုမီး) (၀၉:၀၀ မှ ၁၀:၀၀)**
အလုပနီးစုံညီချင်းတောင်သိ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်မှ သဘာဝအလှများ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ငါးပေါင်းအစားအစာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
နေကြာစိုက်ပျိုးခြင်း (အပိုင်း-၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
မျဉ်းနှစ်ကြောင်းရဲ့ချစ်ခြင်း

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဖက်ခါးရွက်နဲ့ ဝက်သားချက်

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သံပရာသီးနှင့် ကျန်းမာရေး

**MRTV NEWS**

| | |
|---|---|
| ၀၄:၅၅ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | လျှော်သီးနံ့အကြောင်းသိကောင်းစရာ |
| ၀၇:၀၀ | ဧရာဝတီတိုင်းဒေသကြီးမှဆန်စက်များ |
| ၀၇:၃၅ | မွေးမြူရေးရာအဖြာဖြာ |
| ၀၈:၃၀ | အရည်အသွေးကောင်းသစ်များ ထုတ်လုပ်ရေးအပင်ရောဂါကာကွယ်ပေး |
| ၀၈:၅၀ | သုတေသနပြုပါတောင်သူအတွက်စပ်မျိုးဝါ |
| ၀၉:၂၅ | သီးထပ်စွမ်းအားဝင်ငွေတိုးသက်တမ်းတိုစပါးမျိုး |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကမ္ဘာ့တန်းဝင် ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းသို့ သွားကြစို့

မြင့်ထွေး
(ဟိုတယ်/ခရီး)



ပင်လယ်သမုဒ္ဒရာ ရေပြင်သည် ကမ္ဘာကြီး၏ ၇၉ ရာခိုင်နှုန်းရှိပြီး ပင်လယ်သမုဒ္ဒရာနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်းများ၊ ဆေးဝါးများ၊ အလုပ်အကိုင်အခွင့်အလမ်းများသည် ကမ္ဘာပေါ်ရှိ လူသားများကို ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ အမှီပြုနိုင်ရန် ဖန်တီးပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းများမှ ခရီးသွားလုပ်ငန်းတွင် ကမ္ဘာလှည့်ခရီးသွားဦးရေ စုစုပေါင်း ၁၄၆၄ ဒသမ ၃ သန်းရှိပြီး ပင်လယ်ကမ်းခြေသို့ အပန်းဖြေလည်ပတ်ကြသော ခရီးသွားဧည့်သည်များမှာ သန်း ၄၀၀ ကျော်ရှိသဖြင့် ကမ္ဘာ့ခရီးသွားဧည့်သည် ၂၇ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၁၉ ခုနှစ် ကိန်းဂဏန်းစာရင်းအချက်အလက်များအရ သိရသည်။

**ကျွန်းကမ်းခြေ**

ခရီးသွား ဧည့်သည်များသည် ပင်လယ်ပြင်အတွင်း ခရီးသွားခြင်း၊ ပင်လယ်ကမ်းခြေတွင် အပန်းဖြေခြင်း၊ ပင်လယ်ကြမ်းပြင်အောက် သဘာဝအလှအပများ ကြည့်ရှုခြင်း၊ ရွက်လွှင့်ခြင်း၊ လှိုင်းစီးခြင်း၊ ပင်လယ်ရေသတ္တဝါများ၏ လှုပ်ရှားသွားလာ နေထိုင်စားသောက်မှုကို လေ့လာခြင်း၊ ရေနေကုန်းနေသတ္တဝါများကို လေ့လာခြင်း၊ ပင်လယ်အစားအစာများ စားသုံးခြင်းများဖြင့် ပင်လယ်ပြင်နှင့် ကျွန်းများသို့ လည်ပတ်မှု များပြားလာခြင်းကြောင့် ပင်လယ်ပြင်အတွင်းရှိ ကျွန်းများကို ငှားရမ်း၍ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများစွာ ထည့်ဝင်လုပ်ကိုင်လာကြသူများမှာလည်း ပိုမိုများပြားလာသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံသလောက် အကျိုးအမြတ်ရှိစေသည့် သဘာဝအလှတရားများ မပျက်စီးသေးသောကျွန်းများကိုလည်း အပြိုင်အဆိုင် ရှာဖွေဖော်ထုတ်လာကြသည်။

၂၀၁၇ ခုနှစ်က မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များက ပြည်တွင်း ပြည်ပဧည့်သည်များကို လှည့်လည်ပို့ဆောင်နိုင်ရန်နှင့် ကျွန်းခရီးစဉ်ဒေသများဖော်ထုတ်မြှင့်တင်ရန်အတွက် သဘာဝအလှများ မပျက်စီးသေးသော ခရီးစဉ်အသစ်ကျွန်းများကို ရှာဖွေရာတွင် မြိတ်မြို့နှင့် မဝေးကွာလှပြီး နေ့ချင်းပြန် လည်ပတ်နိုင်သည့် ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းကို တွေ့ရှိခဲ့သည်။ ကျွန်း၏ ထူးခြားသောအခြေအနေကြောင့် မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များ ကြိုးစားအားထုတ်မှုဖြင့် တစ်နှစ်ခန့်အတွင်း လူသိများထင်ရှားလာခဲ့သည်။

**ကျောက်စရစ်ကမ်းခြေ**

**(Pebble Beach)**

ကမ်းရိုးတန်းနှင့် ကျွန်းပေါ်ကမ်းခြေအများစုသည် သဲများဖြင့် ဖုံးလွှမ်းနေတတ်သော်လည်း အချို့ကမ်းခြေများမှာ ကျောက်စရစ်များဖြင့် ထူးခြားစွာ ဖုံးလွှမ်းနေတတ်သည်။ သဲပမာဏထက် ကျောက်စရစ်ပမာဏ များနေပါက ကျောက်စရစ်ကမ်းခြေ (Pebble Beach) အဖြစ် သတ်မှတ်ကြသည်။ နေရာဒေသအပေါ်မူတည်၍ ကျောက်စရစ်များမှာလည်း ရောင်စုံပြောင်းလဲတတ်ကြသည်။ ထူးခြားစွာ ဆွဲဆောင်မှုရှိသည့် ကျောက်စရစ်ကမ်းခြေကြောင့်ပင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်လာကြသည်။

ကမ္ဘာပေါ်တွင် အကျော်ကြားဆုံးသော ကျောက်စရစ်ကမ်းခြေ ၁၀ ခုရှိရာ အမေရိကန်နိုင်ငံရှိ Black Pebble Beach၊ ပြင်သစ်နိုင်ငံ တောင်ပိုင်းရှိ Pebble Beach at Nice၊ ယူကေနိုင်ငံရှိ Slapton Sands နှင့် Birdlings Flat၊ အမေရိကန်နိုင်ငံရှိ Jasper၊ ဖိလစ်ပိုင်နိုင်ငံရှိ ကမ်းခြေသုံးခုဖြစ်သည့် White Pebble Beach၊ Bakugon Boulder Beach နှင့် Manual Pebble Beach၊ အမေရိကန်နိုင်ငံရှိ Schoolhouse Beach၊ ယူကေနိုင်ငံရှိ Chesil Beach တို့ဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်ရှိအကျော်ကြားဆုံးသော ကျောက်စရစ်ကမ်းခြေများနှင့် နှိုင်းယှဉ်ပါက အရည်အသွေးမလျော့သော ကျောက်စရစ်ကမ်းခြေမှာ မြန်မာနိုင်ငံ၏ ကျွန်းပေါင်း ၈၀၀ ကျော်အတွင်းမှ မြိတ်ခရိုင်အတွင်းရှိ ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းပင်ဖြစ်သည်။

**ထူးခြားလျှို့ဝှက်သောကျွန်း**

ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းသည် မြိတ်မြို့၏အနောက်ဘက် ရေမိုင် ၅၀ ကျော်အကွာ အရှေ့လောင်ဂျီကျု ၉၇° ၅၇' နှင့် မြောက်လတ္တီကျု ၁၂° ၁၈' ကြားတွင် တည်ရှိသည်။ အရှေ့ဘက်တွင် သရော့သဒန်ကြီးကျွန်း၊ သဲလက်တက်ကျွန်း (နှစ်ဖက်လှ)နှင့် အနောက်ဘက်တွင် ပဒန်းကျွန်း၊ မြောက်ဘက်တွင် ကွမ်းရွက်ကျွန်း၊ တောင်ဘက်တွင် ဒါန်းကျွန်းများ တည်ရှိသည်။ မြေဧရိယာ ၅၄၅ ဒသမ ၀၆ ဧက ကျယ်ဝန်းပြီး ကျွန်း၏မြောက်ဘက်တွင် အရှည်ပေ ၄၀၀၀ ခန့် ရှည်လျားသော ကမ်းခြေတည်ရှိကာ သုံးပုံနှစ်ပုံခန့်ရှိ ပေ ၂၃၀၀ ကျော်မှာ အရွယ်ညီ အညိုရောင် ကျောက်စရစ်လုံးချောများဖြင့် ကမ်းခြေတောစပ်မှ ပင်လယ်အတွင်း အစီအရီ အပြည့်ရှိနေသည်။ ကျောက်စရစ်ဒုအထူမှာ ကုန်းတွင်းဘက်အခြမ်းတွင် ပေ ၂၀ ခန့်ထူပြီး ပင်လယ်ဘက်အခြမ်းတွင် နှစ်ပေခန့်ထူကြောင်း သိရသည်။ ကျန်သုံးပုံတစ်ပုံပေ ၁၇၀၀ ကျော်မှာ သဲဖြူနုကမ်းခြေ ဖြစ်သည်။ တောင်ဘက်အခြမ်းတွင် ပေ ၆၀၀ ကျော်ခန့်ရှိ သဲသောင်ရှည်လျားသော ကမ်းခြေသုံးခုရှိပြီး ရေချိုအရင်းအမြစ် ရှိသည်။ ပါပန့်ကျွန်း (ခေါ်) Smart ကျွန်း၏ ပင်လယ်ရေမှာ ကြည်လင်ပြီး ရေပြာအမျိုးအစားဖြစ်သည်။ ကျွန်းပတ်လည်တစ်ဝိုက်တွင် မပျက်စီးသေးသော သန္တာကျောက်တန်းများ ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပဧည့်သည်များအနေဖြင့် Snorkeling ပြုလုပ်ခြင်း၊ Scuba Diving ပြုလုပ်ခြင်း၊ Kayaking အပျော်စီးခြင်း၊ Water Jet ski စီးခြင်းများ ပြုလုပ်နိုင်သည်။

ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းဟု လူသိများသော ကျောက်စရစ်ကျွန်းသို့ Speed Boat အမျိုးအစားပေါ်မူတည်၍ မြိတ်မြို့မှ စက်လှေမောင်းချိန် ၂ နာရီမှ ၂ နာရီခွဲအကြာတွင် ရောက်ရှိနိုင်သည်။ လူအရောက်အပေါက်နည်းပါး၍ သဘာဝအတိုင်း ရှင်သန်နေသော အမြဲစိမ်းသစ်ပင်ကြီးများ ရှင်သန်ကြီးထွားလျက်ရှိသဖြင့် ကျွန်းအတွင်းပိုင်း ဝင်ရောက်လျှင် သစ်တောကြီးတစ်ခုအတွင်း ဝင်ရောက်သကဲ့သို့ ခံစားမှုမျိုးကို ရရှိစေသည်။ မြောက်ဘက် ကျောက်စရစ်ကမ်းခြေမှ တောင်ဘက် သဲသောင်ကမ်းခြေသို့ သွားရာလမ်းတစ်လျှောက်တွင် တောပန်းလေးများ လှပဖူးပွင့်ဝေဆာစွာ ကျွန်း၏ အလှအပကို ထပ်ဆင့်ဖော်ဆောင်ပေးလျက်ရှိသည်။

**အပန်းဖြေကျွန်း**

ကျောက်စရစ်ကမ်းခြေသို့ ရောက်ရှိသည်နှင့် ပင်လယ်လှိုင်းများ၏ ရိုက်ခတ်ဖျန်းပက်မှုနှင့် နေရောင်ခြည်ကြောင့် ရွှန်းစိုတောက်ပလျက်ရှိသော ကျောက်စရစ်များကို တွေ့ရမည်။ ကြည်လင်ပြာလဲ့သော ကမ်းခြေရေပြင်က ရေထဲမဆင်းဘဲ မနေနိုင်အောင် ဆွဲဆောင်နေသည်။ ရေကူး၍မောလျှင် ကျောက်စရစ်များအပေါ် ကျောခင်းအိပ်စက်အကြောအခြင်ဖြေနိုင်သည်။ မြောက်ဘက် ကျောက်စရစ်ကမ်းခြေကဲ့သို့ပင် တောင်ဘက် သဲသောင်ကမ်းခြေကလည်း လာရောက်သူတိုင်းကို ဖမ်းစားနိုင်သည်။ ကမ်းခြေတွင် အထူ ၁၀ ပေခန့်၊ အလျားပေ ၁၅၀ ခန့်၊ အမြင့်ပေ ၈၀ ခန့်ရှိသော သဘာဝကျောက်ပြားကြီးက ပင်လယ်သို့မျက်နှာမူ၍ ထောင်မတ်စွာ စိုက်ထူထားသည့်ပုံစံရှိသည်။ ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းသို့ ရောက်ရှိသူတိုင်း ထူးခြားသော ကျောက်စရစ်ကမ်းခြေနှင့် ထောင်မတ်သော ကျောက်ပြားကြီးတို့နှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ အမြဲစိမ်းသစ်တောကြီးအတွင်းရှိ ကြီးမားသောသစ်ပင်ကြီးများ၊ တောပန်းကလေးများနှင့် မှတ်တမ်းတင်ကြသည်။

ထူးခြားလှသော Smart ကျွန်းကို လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း မြိတ်ခရိုင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြိတ်ခရီးသွားလုပ်ငန်းရှင်တို့၏ ပူးပေါင်းမြှင့်တင်ဆောင်ရွက်မှုကြောင့် လူသိများထင်ရှားကျော်ကြားလာပြီး ယခုအခါ အများပြည်သူ အပန်းဖြေကျွန်းတစ်ခုဖြစ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်မတိုင်မီကာလက ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားများ လည်ပတ်မှု များပြားလာခြင်းကြောင့် Smart ကျွန်းကမ်းခြေသို့ Speed Boat များ ဆိုက်ကပ်ရာတွင် ကမ်းခြေရှိ သန္တာကျောက်တန်းများ ထိခိုက်မှုမရှိစေရန်အတွက် ရေပေါ်တံတား (Floating Jetty) ကို တည်ဆောက်ခဲ့သည်။

**သဘာဝအမွေအနှစ်ထိန်းသိမ်းသင့်**

အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံတည်းသာ ရှိသော လှပပြီး ထင်ရှားကျော်ကြားသည့် ကျောက်စရစ်ကျွန်းဖြစ်ကြောင်း လေ့လာသိရှိရ၍ မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူမိသည်။ သဘာဝတရားက ပေးအပ်ထားသော အမွေအနှစ်တစ်ခုဖြစ်၍လည်း တန်ဖိုးထားထိန်းသိမ်းရန် အထူးလိုအပ်လှသည်။ သဘာဝအရင်းအမြစ်များ ပျောက်ကွယ်၊ ဆုံးရှုံး၊ ပျက်စီးမှုများ မဖြစ်ပေါ်စေရေးအတွက် မြိတ်ခရိုင်တွင် တာဝန်ထမ်းဆောင်နေကြသော ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့်

စာမျက်နှာ ၁၆ သို့ ✪

❖ **ကမ္ဘာပေါ်ရှိ အကျော်ကြားဆုံးသော ကျောက်စရစ်ကမ်းခြေများနှင့် နှိုင်းယှဉ်ပါက အရည်အသွေးမလျော့သော ကျောက်စရစ်ကမ်းခြေမှာ မြန်မာနိုင်ငံ၏ ကျွန်းပေါင်း ၈၀၀ ကျော်အတွင်းမှ မြိတ်ခရိုင်အတွင်းရှိ ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းပင်ဖြစ်**

❖ **မြေဧရိယာ ၅၄၅ ဒသမ ၀၆ ဧကကျယ်ဝန်းပြီး ကျွန်း၏မြောက်ဘက်တွင် အရှည်ပေ ၄၀၀၀ ခန့် ရှည်လျားသော ကမ်းခြေတည်ရှိကာ သုံးပုံနှစ်ပုံခန့်ရှိ ပေ ၂၃၀၀ ကျော်မှာ အရွယ်ညီ အညိုရောင် ကျောက်စရစ်လုံးချောများဖြင့် ကမ်းခြေတောစပ်မှ ပင်လယ်အတွင်း အစီအရီအပြည့်ရှိနေသည်။ ကျောက်စရစ်ဒုအထူမှာ ကုန်းတွင်းဘက်အခြမ်းတွင် ပေ ၂၀ ခန့်ထူပြီး ပင်လယ်ဘက်အခြမ်းတွင် နှစ်ပေခန့်ထူ**



## အုတ်ဖိုမြို့နယ်ရှိ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

သာယာဝတီ ဧပြီ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ချောင်းဂေါင်းကျေးရွာတွင် ဧပြီ ၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော တောင်ညိုလေးတောရဘုန်းတော်ကြီးကျောင်းအား ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို အဆိုပါကျောင်း၌ ဧပြီ ၂၉ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သာယာဝတီခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက အုတ်ဖိုမြို့နယ် တောင်ညိုလေးတောရဘုန်းကြီးကျောင်း အမိုးလန်ပျက်စီးခဲ့သည့် ခုနစ်ပေသွပ် ၂၆၉ ချပ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ တောင်ညိုလေးဘုန်းတော်ကြီးကျောင်းဆရာတော်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## လားရှိုးမြို့၌ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ



နေပြည်တော် ဧပြီ ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သာသနဗိမာန်တော်နှင့် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဇမ္ဗူအေးစေတီတပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာရဒနှင့် အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌပန်အုပ်ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇိနောရသလင်္ကာရတို့ အမှူးပြုသော သံဃာတော် ၂၅ ပါးက ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအဖြစ် ဆောင်ရွက်ကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ သံဃာတော် ၃၉၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၇၂ ပါး စုစုပေါင်း ၄၆၈ ပါးတို့က စာရင်းသွင်း ဝင်ရောက်ဖြေဆိုကြသည်။

ထိုသို့ ဖြေဆိုနေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ လားရှိုးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည့်ရှုပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဓမ္မာစရိယစာမေးပွဲကို ယနေ့မှစ၍ မေ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း)များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်နှင့် ဟိုပန်မြို့တို့၌ မေ ၇ ရက်မှ ၁၃ ရက်အထိ စာဖြေသံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း ၁၄၂၃ ပါး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သေလာဂီရိမောရပဗ္ဗတကျောက်တော်တောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်၌ ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲကျင်းပ

ကျောက်တော် ဧပြီ ၃၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရ ဘုရားတစ်ဆူဖြစ်သော သေလာဂီရိမောရပဗ္ဗတကျောက်တော်တောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲအခမ်းအနားသို့ ကျောက်တော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်၊ ကျောက်တော်တောင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းစိန်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့်ပြိုင်ပွဲဝင်လှေလှော်အသင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

အဆိုပါ ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တော်တောင်ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်လှေလှော်အသင်း ကိုးသင်းမှ လှေလှော်အားကစားသမားများကို ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် ရခိုင်ရိုးရာပြိုင်လှေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ခြောက်လံဖောင်အသင်း ရှစ်သင်းနှင့် ရှစ်လံဖောင်အသင်းလေးသင်းတို့မှ ပထမနေ့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ဟိုပန်မြို့နယ်၌ အခြေခံရှမ်းစာပေ သင်ကြားပေးလျက်ရှိ

ဟိုပန် ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က စီစဉ်ကြီးကြပ်၍ နွေရာသီကျောင်းပိတ်ရက်အားလပ်ချိန်များတွင် ရှမ်းတိုင်းရင်းသားလူငယ်များအား ရှမ်းစာပေ အရေးအဖတ်တတ်မြောက်စေရန်နှင့် ရှမ်းစာပေပြန့်ပွားမှုရှိပြီး တန်ဖိုးထားထိန်းသိမ်းတတ်ကြစေရန် ရည်ရွယ်၍ ဟိုပန်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ရှမ်းစာပေများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရှမ်းစာပေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့မှ ဆရာ ဆရာမခုနစ်ဦးက သင်ကြားပေးလျက်ရှိကာ ဟိုပန်မြို့နယ် နောင်မိုကျေးရွာမှ ၇၈ ဦး၊ နောင်အွန်ကျေးရွာမှ ၇၆ ဦး၊ ဟင်းနားကျေးရွာမှ ၉၁ ဦးနှင့် မော်ဟွေ့ကျေးရွာမှ ၁၇၈ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၄၂၃ ဦး တို့က အတန်းလိုက်ခွဲ၍ ဧပြီ ၂၂ ရက်မှစတင်၍ တက်ရောက်လျက်ရှိပြီး တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

၎င်းအပြင် ဟိုပန်မြို့ပေါ်ရပ်ကွက်များဖြစ်သည့် မန်မိုင်ရပ်ကွက်၊ ကောင်းဟုန်းရပ်ကွက်နှင့် မိန်းပန်းရှမ်းရပ်ကွက်တို့တွင်လည်း မိမိအစီအစဉ်ဖြင့် အခြေခံရှမ်းစာပေများကို စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း ဟိုပန်မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၅ မှ

ခရီးသွားလောကအတွင်း ဆက်နွယ်နေသူများက ကျွန်းများရှိ သန္တာကျောက်တန်းများ၊ ကနုကမာများ၊ ကျောက်စရစ်များ သစ်ပင်ပန်းမန်များကို ကောက်ယူ၊ သယ်ဆောင်၊ ချိုးဖြတ်မှုများ မပြုလုပ်ရန် နှိုးဆော်ထိန်းကျောင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဆက်စပ်ဌာနများပူးပေါင်းပြီး ကျွန်းများလည်ပတ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ထုတ်ပြန်၍ လိုက်နာစေလျက်ရှိသည်။

Smart ကျွန်းသို့ ၂၀၁၈ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၆၄၄ ဦး၊ ပြည်ပဧည့်သည် ၃၉၈ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၇၅၆၇ ဦး၊ ပြည်ပဧည့်သည် ၂၂၇၄ ဦး လာရောက်လည်ပတ်ခဲ့ကြသည်အထိ ထင်ရှားကျော်ကြားလာခဲ့သော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်ကာ ခရီးစဉ်များ ရပ်တန့်သွားခဲ့ရသည်။ သို့သော် ယခုမဟာသင်္ကြန်ကာလတွင် Smart ကျွန်းသို့ ပြည်တွင်းခရီးသွားဧည့်သည် ၅၀၀ ခန့် လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအသီးသီးတွင် ဟိုတယ်များ၊တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၌ ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်ကို တွေ့ရှိကြားသိရသဖြင့်ခရီးသွားလုပ်ငန်းပြန်လည်ရှင်သန်မှုအတွက် ဝမ်းသာမိသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာပေါ်တွင် အရှားပါးဆုံးသော ကျောက်စရစ်ကမ်းခြေတစ်ခုဖြစ်သည့် ပါပန့်ကျွန်း (ခေါ်) Smart ကျွန်းကို ပိုင်ဆိုင်ထားသော မြိတ်ခရိုင်ခရီးသွားလုပ်ငန်းအဖို့ “ပတ္တမြားမှန်၊ နွံမနစ်” ဆိုသည့်စကားနှင့်အညီ ကိုဗစ်ကာလကျော်လွန်ပြီးသည်နှင့် နိုင်ငံတကာဧည့်သည်များ၊ ပြည်တွင်းဧည့်သည်များဖြင့် ပြန်လည်စည်ကားလာဦးမည်ဖြစ်သည်။ ထို့အတူ အဖိုးထိုက်တန်သော Smart ကျွန်းကို နိုင်ငံတကာမှ ပိုမိုသိရှိရေးအတွက် မြှင့်တင်ကြော်ငြာခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

နံပါတ်ခုနစ်အနေဖြင့် အားကစားကိစ္စဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက "ကျန်းမာရေးဆိုရာတွင် အားကစား၊ ကြံ့ခိုင်ရေးတို့နှင့် ဆက်စပ်နေပါကြောင်း၊ အားကစားများ ပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို တက်စေကြောင်း၊ ကာယစွမ်းပကားသာမက စိတ်ဓာတ်စွမ်းပကားပါမြှင့်တင်ပေးရာဖြစ်ကြောင်း၊ အားကစားမြှင့်တင်မည်ဆိုပါက လူငယ်များ၏အင်အားသည် အဓိကကျသည့်အတွက် လူငယ်နှင့် အားကစားကဏ္ဍကို အားပေးဆောင်ရွက်သွားမည်" ဟုဆိုပြီး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

**အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန်လျာထား**

နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ပတ်သက်ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင် မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲ လေးပွဲရှိကြောင်း၊ ပထမပြိုင်ပွဲမှာ အိမ်ရှင်ဗီယက်နမ်နိုင်ငံတွင် ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖြစ်ကြောင်း၊ အားကစားနည်း ၄၀ နှင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားကြောင်း၊ ထိုအားကစားပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အပါအဝင် အုပ်ချုပ်မှုအဖွဲ့ ၃၆ ဦး၊ အုပ်ချုပ်/နည်းပြ ၉၇ ဦး၊ အားကစားသမား ၂၉၃ ဦး စုစုပေါင်း ၄၂၈ ဦး သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း၊ အားကစားသမားများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားနည်း ၁၃ နည်း၊ ရန်ကုန်တွင် အားကစားနည်း ငါးနည်းကို စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း။

ဒုတိယပြိုင်ပွဲမှာ SEA GAMES ပြိုင်ပွဲအပြီး နှစ်ပတ်အကြာ ဗီယက်နမ်နိုင်ငံတွင် ဆက်လက်လက်ခံကျင်းပသွားမည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲအားကစားနည်း ၁၁ မျိုးကို မြန်မာနိုင်ငံမှအားကစားနည်း ခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ တတိယပြိုင်ပွဲကို (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖြစ်ကြောင်း၊ ထိုပြိုင်ပွဲကို တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ၄၀ ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ စတုတ္ထပြိုင်ပွဲမှာ (၃) ကြိမ်မြောက် အသက်(၁၈) နှစ်အောက် အာရှလူငယ်အားကစားပြိုင်ပွဲဖြစ်ကြောင်း၊ ထိုပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုံမြို့တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၂၈ ရက်အထိ အားကစားနည်း (၁၈) နည်းနှင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားကစားနည်းကိုးနည်း ပါဝင်ယှဉ်ပြိုင်သွားရန် ရည်မှန်းထားကြောင်း။

အားကစားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားနည်းစနစ်များသာမက အားကစားကွင်းများ၊ အားကစားရုံများအဆင့်မီစွာရှိရေးသည်လည်း အဓိကကျသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ဘဏ္ဍာရေး(၅)နှစ်စီမံကိန်းတွင် အားကစားကွင်း(၃၀) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ အားကစားရုံမရှိသေးသည့် မြို့နယ်များအတွက် နှစ်ထပ်လျှာထိုးကြမ်းခင်းပါ အားကစားရုံ ၂၆ ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဒိုင်ဗင်ကန်ပါ အဆင့်မီရေကူးကန် လေးခု တည်ဆောက်ခြင်းလုပ်ငန်းများ၊ မီတာ ၄၀၀ ပြေးလမ်းကို Synthetic Track ပြေးလမ်းခင်းခြင်းနှင့် အသစ်လဲလှယ်ခြင်းလုပ်ငန်း ခုနစ်ခု၊ အားကစားဥယျာဉ်စီမံကိန်း လေးခု တည်ဆောက်ခြင်းလုပ်ငန်းများ၊ အားကစားသိပ္ပံကျောင်းလေးကျောင်း တည်ဆောက်ခြင်းလုပ်ငန်းများ၊ အားကစားလေ့ကျင့်ရေးစခန်း ခုနစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်းကာလအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အားကစားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ကောက်ရိုးမီးကဲ့သို့ ခဏတာဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ စဉ်ဆက်မပြတ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။




**ပြည်သူ့လုံခြုံရေးစနစ်**

နံပါတ်ရှစ်အနေဖြင့် ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ပြောကြားလိုကြောင်း၊ ယနေ့အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းသာယာလာစေရန် လုံခြုံရေးကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် ပြည်သူလူထု၏ အကူအညီ လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့နေရာများတွင်လည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးအထောက်အကူပြု အဖွဲ့အစည်းများသာမကဘဲ ပြည်သူများ ကိုယ်တိုင်ပါဝင်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုစနစ်မျိုးကို လက်ရှိကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၃၉ နိုင်ငံခန့် ကျင့်သုံးဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံများ ကျင့်သုံးသကဲ့သို့ ဒေသတွင်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများ၌လည်း ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်မှသာ အကြမ်းဖက်များ ရန်မူနေသည့် အပြစ်မဲ့ပြည်သူလူထု၊ အပြစ်မဲ့ကလေးသူငယ်များအား ရန်ရှာနေသည့် အကြမ်းဖက်လုပ်ရပ်၊ လုပ်ငန်းများချုပ်ငြိမ်းသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ပြည်သူပါဝင်သည့်ပြည်သူ့လုံခြုံရေးစနစ်ကို ပြည်သူပါဝင်သည့်အင်အား၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်းအပြည့်အစုံနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုစနစ်ပုံဖော်လာသည်နှင့်အမျှ လက်ရှိအကြမ်းဖက်ဖြစ်စဉ်များ လျင်မြန်စွာချုပ်ငြိမ်းနိုင်မည်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မေးမြန်းခဲ့သည့် မေးခွန်းများအပေါ် **သူရိယနေ့ဝန်းသတင်းဌာနမှ ဒေါ်သဇင်ဦးက** သတင်းစာရှင်းလင်းပွဲအစတွင် ဗိုလ်ချုပ်မေးမြန်းသွားသည့် မေးခွန်းများကို NUG၊ CRPH နှင့် ၎င်းတို့ကို ထောက်ခံရေးသားနေသော မီဒီယာများအနေဖြင့် ဖြေကြားနိုင်မည်မဟုတ်ကြောင်း၊ မိမိတို့ သူရိယနေ့ဝန်းက ဖြေကြားသွားမည်ဖြစ်ကြောင်း၊ နံပါတ်တစ်မေးခွန်းဖြစ်သည့် မဲမသမာမှုမရှိခဲ့ကြောင်း သက်သေပြပါဟု ဗိုလ်ချုပ်မေးမြန်းခဲ့သည့် မေးခွန်းကို ၎င်းတို့အနေဖြင့် သက်သေပြနိုင်မည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းရွေးကောက်ပွဲမဲစာရင်းများ စတင်ပြုလုပ်စဉ် ယခင်က ကျင်းပပြုလုပ်ခဲ့သောရွေးကောက်ပွဲများ၌ မဲစာရင်းပြုလုပ်သည့်အချိန်တွင် လဝကအနေဖြင့် ပြုစုရကြောင်း၊ သို့သော် ယခုပြီးခဲ့သည့် ရွေးကောက်ပွဲတွင် လဝကကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်သို့ သွတ်သွင်းပြီး ၎င်းတို့ NLD ပါတီ၏ အစိုးရအဖွဲ့အောက်တွင် ထားရှိကာ မဲမသမာမှုပြုလုပ်၍ရအောင် ရည်ရွယ်ချက်ရှိရှိ မဲစာရင်းများကို စိစစ်ခဲ့ကြောင်း၊ ထို့အပြင် မဲပေးသည့်ရက် နိုဝင်ဘာလ ၈ ရက် မတိုင်ခင် နိုဝင်ဘာလ ၇ ရက်တွင်လည်း ရွေးကောက်ပွဲကော်မရှင် ရပ်/ကျေးအဆင့်များတွင် မဲပေးသည့် မဲစနစ်များကို ကျေးရွာတစ်ခုတွင်မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ တစ်ထောင်ရှိလျှင် ယင်း ရပ်/ကျေးအဆင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်၏ လက်ထဲတွင် မဲစလစ်ပေါင်း ၂၀၀ ကို လက်ဝယ်ကိုင်ထားပြီး မဲပေးရသည့် မနက်ခင်းတွင် ၎င်းတို့ ပေးစေချင်သော NLD ကို တကယ်ပေးမည့်သူများကို correction များဖြင့် အမည်များကိုဖျက်ပြီး အဝင်ပေါက်မှာပင် မဲမသမာမှုဖြစ်အောင်ပြုလုပ်ခဲ့သည့်အပြင် အသက်(၁၈) နှစ်မပြည့်သေးသူများကိုလည်း မဲပေးခိုင်းစေခဲ့ကြောင်း။




**သက်သေပြနိုင်မည်မဟုတ်**

ထိုသို့ မဲမသမာမှုကျူးလွန်ခဲ့သည်မှာ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့သည့်အတွက်ကြောင့် မဲမသမာမှုမရှိခဲ့ကြောင်း သက်သေကို ၎င်းတို့အနေဖြင့် လုံးဝပြနိုင်မည် မဟုတ်ကြောင်းကို ဖြေကြားလိုပါကြောင်း၊ ဒုတိယတစ်ခုက ယင်းမာပင်လူသတ်မှုတွင် NLD ပါတီအပါအဝင် ဗိုလ်နဂါးက ပြန်သတ်ခဲ့သည့် လူများအနက် လူ ၁၀ ယောက်တွင် ခြောက်ယောက်က အနီထောက်ခံအားပေးသူများဖြစ်သည်ကို သိရကြောင်း၊ ယင်းကဲ့သို့ ဖြစ်စဉ်မျိုး အလားတူဖြစ်ရပ် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသည့် ကျေးရွာတစ်ခု၌ ဖြစ်ပွားခဲ့ကြောင်း၊ သစ်စက်တစ်ခုတွင် လုပ်ကိုင်ခဲ့သော မိသားစုတစ်စုရှိကြောင်း၊ ယင်းသစ်စက်မှ မိသားစုသည် NLD ကို လုံးဝအမာခံထောက်ခံ ဝန်းရံသူများဖြစ်ကြောင်း၊ သို့သော် ညတစ်ည ၁၀ နာရီဝန်းကျင်တွင် ဗိုလ်နဂါးအဖွဲ့က ဓားပြတိုက်ခဲ့ကြောင်း၊ ယင်းမိသားစုမှ သားနှင့်သမီးကို PDF အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ရန်လာခေါ်သည့် ဖြစ်စဉ်ဖြစ်ခဲ့ကြောင်း၊ PDF အကြမ်းဖက်အဖွဲ့သို့ ထည့်မပေးသည့်အတွက်ကြောင့် သစ်စက်တွင်ရှိသော ငွေကြေးနှင့် ပစ္စည်းများကို လုယူဓားပြတိုက်သွားကြောင်း၊ မိမိအနေဖြင့် ပြောလိုသည်မှာ ၎င်းတို့ကို မထောက်ခံမှ ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း မဟုတ်ကြောင်း၊ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားမပေးလျှင်လည်း ဒလန်ဆိုသည့်ခေါင်းစဉ်ဖြင့် လူသတ်ဓားပြတိုက်နေသည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း။

နောက်တစ်ခုအနေဖြင့် ကိုရင်သုံးပါး မိုင်းထိသည့်အတွက်ကြောင့် နှစ်ပါး ပျံလွန်တော်မူသည့် ဖြစ်စဉ်အပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်များကို ဒလန်ဆိုသည့် ခေါင်းစဉ်အောက်တွင် သတ်ဖြတ်နေသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပြောပြလိုကြောင်း၊ ဝမ်းတွင်းမြို့နယ်၌ ဆွမ်းစားနေသည့် ဘုန်းကြီးကို ကျောင်းပေါ်အထိတက်ပြီး သေနတ်ဖြင့် ပစ်ခဲ့သည့် လုပ်ရပ်များအပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်များစွာကို ဒလန်ဆိုသည့် ခေါင်းစဉ်အောက်တွင် သတ်ဖြတ်ခံနေရကြောင်း၊ ဘုန်းကြီးကျောင်းတစ်ခု၌ ကျောင်းထိုင်ဘုန်းကြီးကျိန်းစက်နေသည့် ညကြီးအချိန်အခါ သန်းခေါင်ကျော်အချိန်တွင် ဘုန်းကြီးကျောင်းကို ဝင်ရောက်ကာ ဘုန်းကြီးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး ကျောင်းတွင်ရှိသည့် သာသနာပိုင်ပစ္စည်းနှင့် နဝကမ္မ အလှူငွေများအပါအဝင် ကားများကိုပါ ယူဆောင်ပြီး ဓားပြတိုက်ထွက်ပြေးသွားခဲ့ကြောင်းကို စုံစမ်းသိရှိရကြောင်း၊ သာမန်ဒလန်များကို သတ်ဖြတ်၍ရရှိသည့် ဆုကြေးငွေထက် ဗုဒ္ဓဘာသာရဟန်းတော်များကို **စာမျက်နှာ ၁၈ သို့** ■

■ စာမျက်နှာ ၁၇ မှ

သတ်ဖြတ်၍ ရရှိသည့် ဆုကြေးငွေက နှစ်ဆသုံးဆ ထက်မက မြင့်မားနေသည်ကို သိရှိရကြောင်း၊ နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အစိုးရစာသင်ကျောင်းများတွင် NUG က ဦးဆောင်ပြီး စာသင်ပေးရန် CDM ဆရာ ဆရာမများနှင့် ပူးပေါင်းပြီး စာသင်ပေးရန် စည်းရုံးလှုံ့ဆော်နေသည်များရှိကြောင်း။

အဘယ်ကြောင့် ထိုသို့စည်းရုံးလုပ်ဆောင်နေလဲဆိုလျှင် ၎င်းတို့ NUG ၊ CRPH တွင် ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းများကို သင်ကြားခြင်းမဟုတ်ဘဲ လက်ရှိအစိုးရက ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းများကို သင်ကြားခြင်းဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုအောက်ကို ၎င်းတို့ကိုယ်တိုင် လက်နက်ချ ဒူးထောက်ပြီး အညံ့ခံလာသည်ဟုပင် မြင်ပါကြောင်း၊ နောက်တစ်ခုမှာ ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိကြောင်း၊ ယင်းသို့လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်အပေါ် ယခုကဲ့သို့ NLD ဦးဆောင်သည့် အစွန်းရောက် အကြမ်းဖက်သမားများက အမြင်မတူသည့်သူများကို ဒလန်ဟုဆိုကာ လုပ်ကြံသတ်ဖြတ်နေခြင်းသည် ၎င်းတို့က ဒီမိုကရေစီကို ဖော်ဆောင်နေသူများမဟုတ်ဘဲ ဒီမိုကရေစီဆိုသည့်အမည်ကို ခေါင်းစဉ်လှလှတပ်ပြီး လစ်ဘရယ် အစွန်းရောက်နေသူများသာဖြစ်သည်ဟု စွပ်စွဲပြောကြားလိုကြောင်း။

**ဒီမိုကရေစီကို ဖော်ဆောင်နေသည့် အင်စတီကျူးရှင်း**

နောက်ဆုံးမေးခွန်းတစ်ခုမှာ မည်သူတွေက ဒီမိုကရေစီကို ဖော်ဆောင်နေသလဲဆိုသည့် မေးခွန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ စစ်မှန်သည့် ဒီမိုကရေစီကို ဖော်ဆောင်နေသည့် အခိုင်အမာဆုံး အင်စတီကျူးရှင်းက တပ်မတော်ဟုမြင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခုလက်ရှိ နိုင်ငံရေးအကျပ်အတည်းဖြစ်စဉ်တွင်လည်း တပ်မတော်ကို ထောက်ခံသူများအပြင် ကြားနေ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုများသာမက တပ်မတော်ကိုမထောက်ခံသည့်သူများကိုပါ တပ်မတော်အနေဖြင့် တစ်ပြေးညီသဘောထားဆက်ဆံပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အားလုံးအညီအမျှ ထိုးနှံခွင့်ပြုခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အညီအမျှ ဆောင်ရွက်ပေးနေခြင်းများသည် သက်သေများဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ စစ်မှန်သည့် ဒီမိုကရေစီကို ဖော်ဆောင်နေသည့် အခိုင်အမာဆုံး အင်စတီကျူးရှင်းက တပ်မတော်သာဖြစ်ကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သူရိယနေ့ဝန်းသတင်းဌာနမှ ဒေါ်သဇင်ဦး၏ ဖြေကြားချက်များအပေါ် ကျေးဇူးတင်ပါကြောင်း၊ PDF အဖွဲ့က ဖမ်းဆီးရမိသူများရှိကြောင်း၊ ထိုအထဲတွင် ရန်ကုန်၊ မန္တလေးမှ PDF အမည်ခံအကြမ်းဖက်အဖွဲ့များထဲက ဖမ်းဆီးရမိသူများရှိကြောင်း၊ ၎င်းတို့အထဲတွင် သတ်ဖြတ်ခဲ့၊ ဗုံးခွဲခဲ့မှုများ ကျူးလွန်ခဲ့သူများရှိကြောင်း၊ အချို့မှာ နှစ်ကြိမ်၊ သုံးကြိမ် လူသတ်မှု ကျူးလွန်ခဲ့သူများရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ အချို့မေးမြန်းခန်းများ၊ အင်တာဗျူးများကို ထုတ်လွှင့်ခဲ့သည်များရှိကြောင်း၊ ယခင်က ပြသခဲ့သည်များရှိကြောင်း၊ ၎င်းတို့ ပြောကြားဖြေဆိုခဲ့သည့်အထဲမှ နှစ်ယောက်သုံးယောက်ခန့်မှာ တူညီသည့်အချက်များ တွေ့ရကြောင်း၊ တွေ့ရှိချက်များမှာ ၎င်းတို့ကို အကြွေးတောင်းသကဲ့သို့ တဂျီဂျီ အတောင်းခံနေရကြောင်း၊ အချို့ပြည်ပ၌ နေသူများက ပြည်တွင်းနေသူများကို ပေးထားသည်များရှိကြောင်း၊ ၎င်းတို့ကို ပေးထားသည့်နေရာတစ်နေရာ၌ ဖြစ်စဉ်တစ်ခုမဖြစ်မချင်း အကြွေးတောင်းသကဲ့သို့ တဂျီဂျီတောင်းခံပြီး မင်းမလုပ်သေးဘူးလား၊ မင်းဘာလုပ်ထားပြီးပြီလဲ စသည်ဖြင့် မေးမြန်းပြီး သက်သေအထောက်အထားအချို့ကို ကိုင်ဆောင်ထားသည်များ ရှိသည်ကိုလည်း မိမိတို့သိရှိရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

ယခင်ခိုင်းစေခဲ့သည့် ဗုံးခွဲမှုများရှိခဲ့ပြီး ယခုခိုင်းစေချက်များ မလုပ်ပါက ယခင် ဗုံးခွဲခဲ့သည်များကို လုံခြုံရေးအဖွဲ့အား ပြောမည်စသည်ဖြင့် အကြွေးတောင်းသကဲ့သို့ တဂျီဂျီပြောကြောင်း၊ ခြိမ်းခြောက်ခံရကြောင်း စသည်ဖြင့် ၎င်းတို့၏ ပြောကြားသည့်အချက်အလက် သတင်းများလည်း စုဆောင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဖြစ်ပျက်နေသည့် အခြေအနေများသည် ယင်းကိစ္စများကြောင့်သာ ပိုမိုဆိုးရွားနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးခင်မောင်ဦး**က ရှင်းလင်းပြောကြားရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံရေးပါတီများ စိစစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်း**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းပြုစုရာတွင် အိမ်ထောင်စုလူဦးရေစာရင်းကို လဝကပုံစံ (၆၆/၆) ၊ နိုင်ငံသားစိစစ်ရေးကတ် စသည်တို့နှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးမှု မပြုဘဲ ရှိ/ ကောက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် မှားယွင်းပြီး မဲမသမာမှုဖြစ်စေသည့် မဲဆန္ဒရှင်စာရင်းများစွာကို စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ ယခုအခါ သုံးသပ်ပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများမှ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းအပိုင်းကို ပြင်ဆင်၊ ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပြင်ဆင်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်စာရင်းကို ကော်မရှင်က သတ်မှတ်ထားသည့် လူဦးရေပုံစံဇယားနှင့်အညီ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းတို့ကို အခြေခံပြုစုရမည်ဖြစ်ကြောင်း၊ ထိုလူဦးရေစာရင်းကို အခြေခံပြီး မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လဝကဦးစီးဌာနမှူးရုံးနှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့ကပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မဲစာရင်းများ ပြည့်စုံမှန်ကန်စေရန် စိစစ်ရမည်**

အလားတူ ပြင်ဆင်ထားသည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအရ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို ၎င်းတို့ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) တို့ဖြင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ မဲစာရင်းတွင် ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း၊ ထို့အပြင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းမပြုမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်ထွေအုပ်၊ မြို့နယ်လဝက၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်တွင်ရှိသည့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရန် စိစစ်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်အမှတ်(၅)အရ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းများကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနများမှ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ကို အခြေခံပြုစုထားသည့် စာရင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် **(Pilot Project)**ကို ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်မှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ရပ်/ကျေးစာရေးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး Laptop၊ Computer များ အသုံးပြုဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် စိစစ်ညှိနှိုင်း ပူးပေါင်းဖြေရှင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိချက်များအရ ရပ်/ကျေး မြေပြင်လူဦးရေစာရင်းများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြုစုရန်နှင့် အချက်အလက်များ ပြည့်စုံအောင်ဖြည့်သွင်းရန် လိုအပ်သည့်အတွက် မြေပြင်လူဦးရေစာရင်းကောက်ယူပြုစုမည့် ဇယားပုံစံအသစ်ကို ပေါင်းစပ်ညှိနှိုင်းပြုစုခဲ့ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြေပြင်လူဦးရေစာရင်းကို ဇယားပုံစံသစ်နှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကောက်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ ပြည်ထောင်စုနယ်မြေတွင် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း **Pilot Project** ဆောင်ရွက်နေချိန်တွင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ခံအရာရှိများ၊ လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများကို ခေါ်ယူလေ့လာစေခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် **"အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက်"** ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ရှစ်မြို့နယ်ပြီးစီးပြီး ၂၀၄ မြို့နယ်တွင် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ထိုလုပ်ငန်းစဉ်တစ်ခုလုံးကို အနီးကပ်ကြပ်မတ် ကွပ်ကဲစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

**အကြိုညှိနှိုင်းဆွေးနွေး**

၂၀၂၃ ခုနှစ်တွင် ကျင်းပရန် ရည်ရွယ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်ပြီး ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက်နှင့် ၂၅ ရက်တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အကြိုညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊

စာမျက်နှာ ၁၉ သို့ ■

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နေ သန်းထွန်း (ခ) အီဆာ (၅၅) နှစ်သည် ၎င်းအသုံးပြုသည့် "Than Htun" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၄)ရပ်ကွက်နေ ဖွဲ့ရန်အောင်လ (ခ) အောင်လ(အဆိုတော်)သည် ၎င်းအသုံးပြုသည့် "Reodineius Aung La" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူတို့အား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

■ **စာမျက်နှာ ၁၈ မှ**

ဆက်လက်ပြီး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်ရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားခဲ့ပါကြောင်း၊ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါကြောင်း၊ အစည်းအဝေးတွင် ကျင်းပရန်ရည်ရွယ်ထားသည့် ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် မဲစာရင်းများ တိကျမှန်ကန်ရေး၊ အချိန်မီပြီးစီးရေး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါကြောင်း။

**အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်ရန်ဆောင်ရွက်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း တစ်နိုင်ငံလုံး ထုတ်ပေးထားသည့် မှတ်ပုံတင်မှတ်တမ်းများနှင့် လဝကပုံစံ (၆၆/၆) စာရင်းများကို ကွန်ပျူတာစာရင်း ထည့်သွင်းလျက်ရှိပါကြောင်း၊ အဆိုပါ လဝက၏စာရင်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပြင်လူဦးရေစာရင်းများကို အခြေခံပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်တိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရ လက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားရမည်ဖြစ်ပြီး အမြဲတမ်းနေထိုင်ရာဒေသတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် နေထိုင်ကြောင်းအထောက်အထားဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း သိရှိနားလည်အောင် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး နိုင်ငံရေးပါတီများ စစ်ဆေးခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃ တို့နှင့်အညီ နိုင်ငံရေးပါတီများ၏စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း (၄) နှင့် နည်းဥပဒေများအခန်း (၄) ပါ ပါတီရန်ပုံငွေနှင့် ပစ္စည်းများ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ အပါအဝင် ပါတီဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရင်းဇယားများကို ဥပဒေနှင့်အညီ စစ်ဆေးခြင်းဖြစ်ပါကြောင်း၊ စစ်ဆေးရာတွင်လည်း သက်ဆိုင်ရာပါတီရုံးချုပ်အခြေစိုက်သည့်နယ်မြေရှိ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် အစိုးရဌာနရုံးများတွင် စစ်ဆေးခြင်းဖြစ်ပြီး ကြိုတင်အသိပေး အကြောင်းကြားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**စစ်ဆေးရန်ကျန်ပါတီ ၁၀ ပါတီ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ၏ စာရင်းများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ နိုင်ငံရေးပါတီ ၈၃ ပါတီ၏စာရင်းများကို စစ်ဆေးပြီးဖြစ်ပါကြောင်း၊ လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီဖြစ်သော်လည်း စစ်ဆေးပြီး ၈၃ ပါတီအနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ပယ်ဖျက်ပြီးဖြစ်သည့်အတွက် စစ်ဆေးရန်ကျန်ပါတီ ၁၀ ပါတီဖြစ်ပါကြောင်း၊ စစ်ဆေးရန်ကျန်ပါတီများအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) တို့သည် သတ်မှတ်ကာလအတွင်း စစ်ဆေးခံရန်ပျက်ကွက်သည့်အတွက် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်သည့် စုံညီအစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့ကြောင်း။

စုံညီအစည်းအဝေးမတိုင်မီ သက်ဆိုင်ရာပါတီ၏ ဆက်သွယ်တင်ပြချက်နှင့် အစည်းအဝေးတွင် ဆွေးနွေးချက်များအရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်းသည် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်သော်လည်း အဘက်ဘက်မှ ချင့်ချိန်၍ မျှမျှတတဖြင့် အချိန်ပေးဆောင်ရွက်ရန် လိုအပ်ခြင်းအပါအဝင် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) အနေဖြင့် ၂၀၂၂ ခုနှစ် ဖေ ၃၀ ရက်မတိုင်မီ လာရောက်အစစ်ဆေးခံရန် နောက်ဆုံးအကြိမ် သတိပေးအကြောင်းကြားခဲ့ပါကြောင်း။

အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)အနေဖြင့် စစ်ဆေးမှုခံယူမည့် ဗဟိုအလုပ်အမှုဆောင်အချို့ ဖမ်းဆီးခံ၊ အချို့တိမ်းရှောင်၊ အချို့ဆက်သွယ်မရခြင်းနှင့် စာရင်းဇယားများ စုစည်းပြီး စစ်ဆေးမှုခံယူရန် အခက်အခဲရှိကြောင်း သိရှိရသဖြင့် အချိန်ကာလတစ်ခုပေးပြီး စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။

အလားတူ စစ်ဆေးရန်ကျန် မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၂ ခုနှစ် မတ် ၃၀ ရက် ရက်စွဲပါစာဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်မတိုင်မီ စာရင်းများစစ်ဆေးခံရန် ပုဒ်မ ၂၄ (က) နှင့်အညီ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရန်ကျန်အချို့ပါတီများ၏ တင်ပြချက်အရ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲရှိကြောင်း သိရှိရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယင်းပါတီများနှင့် ဆက်သွယ်ညှိနှိုင်းပြီး စစ်ဆေးရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ လုပ်ငန်းစဉ် (၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁၁) ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ် (၅) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## သနပ်ပင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေး



**သနပ်ပင် ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်နံနက်ပိုင်းက ငါးကြီးဝင်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

**ပညာပေးဆွေးနွေး**

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့သည်။


**ဆွေးနွေးညှိနှိုင်းဆောင်ရွက်**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ငါးကြီးဝင်းကျေးရွာ၌ EM ဘိုကာရှိ သဘာဝမြေသြဇာ မြေဆွေးပြုလုပ်ခြင်း သရုပ်ပြပွဲနှင့်နေဗီယာမြက်မျိုးများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်တင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

ဝတ္ထုတို

## မမလေး




### အခန်း(၁)

ဒေါ်အေးလှတို့အိမ်ဘေးမှ စက်ဘီးပြင်ဆိုင်လေးသည် လမ်းအချက်အချာကျ၍ လူစည်လှသည်။ ဆိုင်ရှင်ကလည်း သစ်ပင်ရိပ်အောက်၌ ရေနွေးကြမ်းဝိုင်းလေးဖြင့် တည်ခင်းသဖြင့် ပို၍အသက်ဝင်လှပေသည်။ မနက်ခင်းတွင် အနီးဝန်းကျင်မှ လူကြီးများ၏ ကျန်းမာရေး၊ စီးပွားရေး ဆွေးနွေးရာ စကားဝိုင်းလေးဖြစ်သကဲ့သို့ ညချမ်းအချိန်၌လည်း လူငယ်တို့၏ အပန်းဖြေရာ ဂိမ်းကစားဝိုင်းလေးဖြစ်ခဲ့သည်။

“ညက..ဗျာ လက်ဝှေ့ပွဲ တယ်ကောင်းသဗျ။ ထိုင်းနဲ့ မလေးတို့ အကြိတ်အနယ်ပဲ။”

“ဟုတ်တယ်ဗျ။ ထိုင်းက အကွက်ကျတယ်နော်။ ကျုပ်တောင် သဘောကျလို့ ဒေါင်းလော့ခ် ဆွဲထားသေးတယ်ဗျ။”

ဦးရွှေလင်းစကားကို ဦးအောင်ကိုက ထောက်ခံလျက် လက်ထဲမှဖုန်းကို လျင်မြန်စွာ လော့ခ်ဖွင့်လိုက်သည်။

“လုပ်စမ်းပါဦးဗျ။ sky net က လွှင့်တာဆိုတော့ ကျုပ်တို့အိမ်မှာက ကြည့်မရဘူးဗျာ၊ ဖုန်းကလည်းမကိုင်နိုင်တော့ မကြည့်ရဘူးဗျ။”

ဦးတင်ဖေက ဦးအောင်ကို၏ ဖုန်းလေးကိုငဲ့စောင်းကြည့်ကာ ပြောလိုက်သည်။ ဦးအောင်ကိုက လက်ဝှေ့ပွဲကို ဖွင့်၍ ဖုန်းကိုစားပွဲပေါ်သို့ တင်ကာပြလိုက်၏။ ဦးတင်ဖေက ခုံကိုတစ်ဖက်သို့ တိုးလျက်ဖုန်းလေးထံသို့ အားယူကာ တိုးဝှေ့ကြည့်သည်။ ဖုန်းမျက်နှာပြင်လေးမှ လက်ဝှေ့သမားနှစ်ဦး အကြိတ်အနယ်ထိုးပုတ် သတ်ဖြတ်နေသည့်ကို ဦးတင်ဖေ သဘောကျစွာ အားပေးနေ၏။

ထိုမြင်ကွင်းကြောင့်

“သြော် အခုခေတ်ကြီးမှာ လူတိုင်းစေ့နီးပါး ဖုန်းကိုင်နေကြတာ ငါ့ယောကျ်ားမျက်နှာငယ်လိုက်တာ”ဟု စိတ်ထဲတွင် ရေရွတ်လျက် ဒေါ်အေးလှ ရင်ထဲ မချမ်းမြေ့လှပေ။

### အခန်း(၂)

“မုန့်ဖက်ထုပ်...ပူပူလေး”

နံနက်ခင်း အလင်းဖျော့ဖျော့အချိန်လေး၌ ဒေါ်အေးလှ၏ မုန့်ဖက်ထုပ်ကြော်ငြာလေးက လွင်နေ၏။ မငြိမ်းချမ်းလှသည့်ဘဝကြောင့် အသက် ၅၀ ကျော်အထိ ဈေးတောင်းခေါင်းရွက်ရသည့် မိမိအဖြစ်ကိုလည်း တစ်ခါတစ်ရံ သိမ်ငယ်မိသည်။

ဦးတင်ဖေကလည်း အသက် ၆၀ ကျော်လေပြီ။ ငယ်စဉ်က ကျပန်းလုပ်၍ အိမ်ထောင်တာဝန်ကို ထမ်းပိုးသော်လည်း ယခုမူ သူလည်း အငြိမ်းစားယူလေပြီ။ စုဆောင်းထားသည်ကလည်း အထုပ်အထည်မရှိ၍ ဝမ်းစာတိုက်ပွဲ ဆက်လက်ဆင်နွှဲနေရ၏။

စားရေးအတွက် အခက်ကြုံ၍ ကိုယ်စွမ်းရှိသမျှ ရုန်းနေချိန် မနေ့က ခင်ပွန်းဖြစ်သူ တခြားသူ ဖုန်းအားစောင်းငဲ့ကြည့်နေသည့် မြင်ကွင်းကြောင့် သူပို၍ကြိုးစားရပေဦးမည်။ ထို့ကြောင့် မာန်တင်း၍ ခပ်ကျယ်ကျယ်လေး သံကုန်ဟစ်လိုက်သည်က

“မုန့်ဖက်ထုပ် ပူပူလေး”

“မအေးလှ ရေ....လာပါဦး”

ဝယ်သူခေါ်သံကြားလျှင် ရင်ထဲလှိုက်ခနဲဝမ်းသာသွားရသည်။ အမိုးကြီးအိမ်က ခေါ်၍ပို၍ပျော်ရသည်။ အမိုးကြီးအိမ်က တစ်ခါဝယ်လျှင် ဆယ်ထုပ် ဆယ့်ငါးထုပ် ဝယ်တတ်သည်ပင်။

“မအေးလှရေ တစ်ထောင့်ငါးရာဖိုးပေး”

မုန့် တစ်ဆယ့်ငါးထုပ်ကို ထည့်လိုက်ပြီး အမိုးကြီးကမ်းပေးသော ငွေကိုလှမ်းယူလိုက်သည်။

“အမိုးကြီး ကျွန်မပြောစရာရှိလို့”

အမိုးကြီးဆိုသည်က ဒေါ်အေးလှ၏ ရပ်ကွက်ထဲတွင် နေ့ပြန်တိုးပေးစားသူတစ်ယောက်ဖြစ်သည်။ ဒေါ်အေးလှခေါ်သံကြောင့် အမိုးကြီးက ဘာကိစ္စလဲ ဟူသော အကြည့်ဖြင့်ကြည့်သည်။

“ကျွန်မ စောစောစီးစီး အားလည်းနာပါတယ်၊ ငွေတစ်သိန်းလောက် လိုချင်လို့”

ဒေါ်အေးလှစကားကြောင့် အမိုးကြီးကပြုံးလျက် “တစ်သိန်းဆိုရင် တစ်နေ့လေးထောင် ရက်သုံးဆယ်သွင်းရမယ် ပေးနိုင်ရင်ယူလေ”

ထိုစကားကြောင့် ဒေါ်အေးလှ ဝမ်းသာသွားရသည်။

“ပေးနိုင်ပါတယ်၊ ကျွန်မပေးမှာပါ”

“ရတယ်လေ အဲဒါဆို ကျွန်မ တစ်ခါတည်းပေးလိုက်မယ်၊ ယူသွားလေ”

တစ်နေ့ လေးထောင်သွင်းရမည့် အပူကို ရင်ထဲမထည့်မိ။ ခင်ပွန်းဖြစ်သူ လိုချင်နေသည့် ဖုန်းလေးဝယ်ပေးနိုင်တော့မည် ဟူသောအတွေးဖြင့် ပီတိဖြစ်နေပေသည်။

### အခန်း(၃)

“အဒေါ်ရယ်၊ ကျွန်မက ပြောသာပြောရတာ ကြားမဝင်ချင်ဘူးရယ်၊ ဒါပေမဲ့ မပြောလို့လည်းမဖြစ်၊ အဒေါ်ကိုလည်း မိန်းမသားချင်း ကိုယ်ချင်းစာလို့သာ ပြောပြရတာပါ” အိမ်နီးချင်းဖြစ်သူ ခင်မော်၏စကားကြောင့် ဒေါ်အေးလှ ငယ်ထိပ်သို့ မြွေပွေးပေါက်သကဲ့သို့ ပြာသွားစေသည်။

“ဟုတ်တယ် ကြီးကြီး သမီးလည်း တွေ့တယ်၊ ကြားလည်းကြားတယ်၊ ဒါပေမဲ့ ကြီးကြီးကို ပြောရမှာအားနာလို့ အမေ့ကို ပြောပြတာ အမေကလည်းမယုံလို့ သမီးနဲ့အမေ နှစ်ယောက် လိုက်ချောင်းကြည့်ကြတာ သေချာလို့ ကြီးကြီးကို ပြောပြတာ”

ခင်မော့်စကားကို သမီးဖြစ်သူကပါ ထောက်ခံနေသည့်အတွက် သည်စကား အမှားဆိုသည်မှာ ဖြစ်နိုင်ဖွယ်မရှိတော့ချေပြီ။ အိုမင်းရင့်ရော်နေတဲ့ အသက် ၅၀ ကျော် ဒေါ်အေးလှ၏မျက်နှာပြင်ပေါ်သို့ သောကဆိုင်ကလုန်း ဝင်ရောက်သွားသည့်အတွက် မျက်နှာသည် တစ်မဟုတ်ချင်း ပို၍အိုစာသွားရသည်။

“အဒေါ်ရယ်၊ ကျွန်မတို့ သားအမိ ပြောတယ်လို့ ပြန်မပြောပါနဲ့နော်”

“အေးပါဟယ်၊ ငါမပြောပါဘူး။ နင်တို့အခုလိုပြောပေးလို့ ကျေးဇူးတင်ပါတယ်။ နင်တို့ပြောမှလည်း ငါလည်းသိရတော့ သတိထားစောင့်ကြည့်ရမှာပေါ့”

အပူရုပ်ကို ဟန်လုပ်ပြုံးလိုက်သော်လည်း ရင်ထဲတွင် မည်သည့်နေရာမှ ဖြစ်ပေါ်လာသည်မသိသော အစိုင်အခဲတစ်ခုက တစ်ဆို့နေ၏။

### အခန်း(၄)

“ယောကျ်ား ကျုပ်ခြေထောက်တွေ ကိုက်လိုက်တာတော် ဘယ်လိုဖြစ်လဲ မသိဘူး နေလို့လည်းမကောင်းဘူး”

ဒေါ်အေးလှကို ဦးတင်ဖေ ဖုန်းကြည့်နေရာမှ တစ်ချက်ငဲ့ကြည့်လိုက်သည်။

“စောစောအိပ်လိုက်လေ”

ဦးတင်ဖေ စကားကြောင့် ဒေါ်အေးလှ ခေါင်းညိမ့်မိသည်။ နေ့သွင်း ၄၀၀၀ ပေးနေရသည့်အတွက် မနက်ခင်း မုန့်ဖက်ထုပ်ရောင်းရသည့်ငွေနှင့် မလောက်ငှ၍ နေလယ်ခင်းပါ မုန့်လက်ဆောင်းတစ်ကျော့ပြန်ထွက်ရသည်။

လူလည်း ဇရာထောင်းသည့်အတွက် ခံနိုင်ရည်မဲ့လာရပြန်သည်။ ကြားထားရသည့် သတင်းစကားအရလည်း ရင်ထဲ၌မကောင်း။ မေးပြန်လျှင်လည်း မသေချာသည့်အတွက် မမေးလိုတော့။

နေမကောင်းဘူးဟု ညည်းတွားသော်လည်း ဖုန်းကြည့်မပျက်သည့် ခင်ပွန်းသည်၏ အပြုအမူကြောင့် အားငယ်စိတ်ပိုမိသည်။

အတွေးများ ကဆုန်ပေါက်ဝင်လာ၍ မျက်ရည်များရစ်ဝဲလာကာ ကြိတ်၍ငိုမိသည်။

### အခန်း(၅)

“မိန်းမ ဒီနေ့ မြို့ထဲသွားစရာရှိလို့ ငွေငါးထောင်လောက်”

ဈေးတောင်းခေါင်းချစဉ် ခင်ပွန်းဖြစ်သူစကားကြောင့် မော်ကြည့်မိသည်။

“မောလိုက်တာ ယောကျ်ားရယ်”

နှုတ်ကသာ ရေရွတ်မိသော်လည်း ငွေငါးထောင်က ဈေးတောင်းထဲမှ ပိုက်ဆံဘူးလေးသို့ နှိုက်လျက်သားပင်။

“ဂရုစိုက်သွားနော်”

အိမ်မှထွက်သွားသော ခင်ပွန်းသည်၏ ကျောပြင်ကို ငေးကြည့်နေစဉ် နဖူးမှ ချွေးတစ်စက်က လက်ပေါ်သို့ တောက်ခနဲမြည်အောင်ကျလာ၏။

“အဒေါ်ရယ် ကျွန်မက မိန်းမချင်းမို့ ပြောရတာပါ”

ခင်မော်၏စကားများ နားထဲပြန်ကြားယောင်လာသည်။

တစ်နေကုန်ပင်ပန်းသမျှ ညဘက်တွင် ဒေါ်အေးလှအိပ်ရာ စောစောဝင်ခဲ့သည်။ ပင်ပန်းသမျှအတိုးချအနားယူချင်ပါသော်လည်း စိတ်ထောင်းနေသည့်အတွက် အိပ်မပျော်။ ခင်ပွန်းဖြစ်သူကို ခြင်ထောင်တွင်းမှ ငေးကြည့်နေမိသည်။ ဖုန်းလေးကိုကြည့်လိုက်၊ စာရေးလိုက်နှင့် မျက်နှာမှာလည်း ပြုံးနေ၏။ မည်သည့်အရာကို သဘောခွေ့နေသည်မသိ။ ဘေးမှဇနီးမယားကိုပင်ရှိဟန်မတူပေ။

ခဏအကြာ ခြင်ထောင်တွင်းသို့ ငဲ့စောင်းကြည့်သောကြောင့် မျက်လုံးများမှိတ်ကာ အိပ်ချင်ယောင်ဆောင်လိုက်မိသည်။ ဦးတင်ဖေက ဒေါ်အေးလှကို လက်ဖြင့်စမ်းကြည့်လိုက်သည်။ အိပ်ပျော်နေသည်ဟု ယူဆမိမှ အိမ်ပြင်သို့ထွက်၍ အိမ်သာထဲသို့ ဝင်သွား၏။ ဒေါ်အေးလှ ညင်သာစွာထ၍ ခြေဖော့ကာ လိုက်ချောင်းမိသည်။

“ကလေးလေး မနက်က ကိုကြီး ဘောလ် ငါးထောင် ထည့်ပေးလိုက်တာ ရတယ်မလား။

ကိုကြီးက ကလေးကို တကယ်ချစ်တာပါကွာ။ ကလေးနဲ့အတူနေချင်ပြီ။ နှစ်ယောက်တစ်ဘဝပေါင်းပြီး ဘဝတစ်ခုတည်ဆောက်ကြမယ်လေ။ ကိုကြီးဘက်ကတော့ အတွေးတွေနဲ့ ပျော်နေပြီ။ ကလေးလေးရောဟင် ကိုကြီးကို ချစ်လား”

ဘုရား ဘုရား။ ကြားရသည့်စကားများမှာ နားရှက်စရာ။ အသက်အရွယ်နှင့် မလိုက်ဖက်အောင် ချွဲပြစ်ပြောဆိုနေသော စကားလုံးများကို နားထောင်ရန် အင်အားမရှိတော့။

ဘောလ် ၅၀၀၀ ထည့်ပေးလိုက်တယ် တဲ့လား။

ဒေါ်အေးလှ ရွာရိုးကိုးပေါက်လှည့်ကာ ချွေးတဒီးဒီးနှင့် ရောင်းချထားသည့် ပိုက်ဆံကို လုပ်ရက်လိုက်သည့်ဖြစ်ခြင်း။ ယုံကြည်လွန်း၍ နှစ်ယောက်တစ်ဘဝ တည်ဆောက်ခဲ့သည့် ခင်ပွန်းသည်၏ ဖောက်ပြန်ပြောင်းလဲခြင်းကို ခံရသော မိန်းမသားတစ်ဦး၏ခံစားချက်ကို မည်သို့ ဖော်ထုတ်ပေါက်ကွဲရမည်နည်း။

### အခန်း(၆)

ရင်ထဲတွင်ပေါက်ကွဲတော့မည့် အစိုင်အခဲကိုသိုသိပ်ကာ မယားဝတ္တရားမပြတ် ခင်ပွန်းသည်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးသည်။ နှစ်ပေါင်း ၃၀ ကျော် ပေါင်းသင်းလာသည့် သူ့အပေါ်တွင်၌လည်း အချစ်မရှိတော့သည်တိုင် သံယောဇဉ်တချို့တော့ရှိနေမည် ထင်ပါသည်။

မလိုအပ်တော့၍ ထားခဲ့လျှင်လည်း ကျန်ရစ်ခဲ့ပါမည်။ မေတ္တာနှင့်စခဲ့သည့်အတွက် မေတ္တာဖြင့်သာ အဆုံးသတ်စေချင်ပါသည်။ ဘေးတွင်အိပ်ပျော်နေသော ခင်ပွန်းကိုကြည့်ကာ ဒေါ်အေးလှ သက်ပြင်းများအကြိမ်ကြိမ်ချမိနေတော့သည်။

“အဝါး...အဝါး...ဝူး...ဝူး....”

နားထဲတွင် စူးစူးဝါးဝါးအော်သံကြောင့် ဒေါ်အေးလှ လန့်နိုးသွားရသည်။

“ဟင် ယောကျ်ား ဘာဖြစ်တာလဲ၊ လာကြပါဦး လာကြပါဦးရှင်၊ ဒီမှာ ကိုတင်ဖေ ဘာဖြစ်မှန်းမသိလို့ လာကြပါဦး”

အိပ်ရာထဲတွင် ပါးစပ်များရွဲ့ကာ ခြေလက်များ ကွေးကောက်နေသော ဦးတင်ဖေအဖြစ်ကြောင့် ဒေါ်အေးလှ၏ အော်သံမှာ ညံစီသွားသည်။

အရပ်ကူပါ လူဝိုင်းပါနှင့် ဦးတင်ဖေ ဆေးရုံသို့ ရောက်ခဲ့သည်။ သို့သော် လေဖြတ်သည့်ရောဂါက ဦးသွားသည့်အတွက် ဒုက္ခိတဘဝနှင့်သာ အိမ်ပြန်ခဲ့ရသည်။

ဒေါ်အေးလှ၏ ဈေးတောင်းလေး ပို၍လေးခဲ့ပြီ။

အိပ်ရာထက် လဲလျောင်းနေသော ခင်ပွန်းသည်ကို ဝတ်ကြီးဝတ်ငယ် မညည်းမညူပြုစုပေး၏။

ဒေါ်အေးလှ၏ အပြုအစုများကြောင့် မိမိကျူးလွန်ခဲ့သည်များကို ရှက်ရွံ့နောင်တရမိသည်။

ဆန်ပြုတ်ပူပူလေးကို ဖွဖွလေးမှုတ်ပေးနေသော ဇနီးသည်ကိုကြည့်ကာ မျက်ရည်များကျလာ၏။

နောင်တအပြည့် မျက်ဝန်းများနှင့် ကြည့်ကာ

“မိန်းမရယ် ငါ့ကိုခွင့်လွှတ်ပါနော်။ အိမ်ထောင်ရှင်မကောင်း ပီသတဲ့ မင်းအပေါ် သစ္စာဖောက်မိလို့ ငါအပြစ်ဒဏ်တွေခံစားနေပြီ၊ ငါ နေပြန်ကောင်းလာရင် မင်းအပေါ် ဖောက်ပြန်ထားခဲ့သမျှ ဒူးထောက်တောင်းပန်ပြီး မင်းရဲ့ပင်ပန်းမှုတွေကိုမျှဝေယူပါ့မယ် အေးလှရယ်” ဟု ပြောသော်လည်း

“အာ...အဝါး...ဝူး...ဝူ...ဝါး...ဝါး...”

ဟူသော ဗလုံးဗထွေးအသံများသာ ထွက်လာ၏။ ခင်ပွန်းသည်၏ မျက်ဝန်းအကြည့်ကို နားလည်သည့်အတွက် ဒေါ်အေးလှလည်း မျက်ရည်များကျကာ လက်ကိုနွေးထွေးစွာဆုပ်ကိုင်လိုက်သည်။

“ယောကျ်ားရယ်..ကျုပ်ကိုအားမနာပါနဲ့၊ ရှင်က ကျွန်မဘဝရဲ့လက်တွဲဖော် ကျွန်မက ရှင့်ရဲ့ဆေးပေးမီးယူလေနော်။”

ဇနီးသည်၏ ဆေးပေးမီးယူ ဟူသော စကားလေးကို နားထဲတွင် ပွဲတင်ထပ်ကာ ကြားလျက် မျက်ရည်များကြားမှ ဦးတင်ဖေ ပြုံးလိုက်သော အပြုံးသည် မထင်ရှားသော်လည်း အလှဆုံးဖြစ်ပေတော့သည်။ ။

ဆောင်းပါး

# လူငယ်များနှင့် ပရဟိတစိတ်ထား

## မောင်ကြည်လင်(ရွှေကြိုးကြာ)

ပရ=သူတစ်ပါး၊ ဟိတ=အကျိုး၊ ပရဟိတ= သူတစ်ပါးအကျိုး။ ထို့ကြောင့် ပရဟိတဆိုသည်မှာ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ထို့အတူ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ကိုယ့်အကျိုးလည်း ပြီးမြောက်သော အလွန်မွန်မြတ်သည့် အလုပ်တစ်ခုပင် ဖြစ်ပါသည်။ မိမိအတွက် ခန္တီ၊ မေတ္တာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ပါရမီများကို ဖြည့်ကျင့်ရာလည်း ရောက်ပါသည်။ ပရဟိတအလုပ်သည် သူတော်ကောင်းတို့ ချီးမွမ်းသော အလုပ်တစ်ခုဖြစ်ပါသည်။

ပရဟိတအလုပ်သည် အများအကျိုးဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် "အများအကျိုးသယ်ပိုးမည့်သူ၌ မိမိအကျိုးပါသေချာပြီး ဖြစ်သည်"ဟု တရုတ်ပညာရှင်ကြီး ကွန်ဖြူးရှပ်က မိန့်ဆိုခဲ့ပါသည်။ ကျွန်ုပ်တို့လူသားများသည် တစ်ဦးတစ်ယောက်တည်း ရပ်တည်၍ မရနိုင်ပါ။ လူ့ဘောင်အဖွဲ့အစည်းဖြင့် ရပ်တည်ရှင်သန်နေကြရပါသည်။ လူ့အဖွဲ့အစည်းများဖြင့် ဆက်ဆံနေရသော လူ့ဘဝတွင် ပရဟိတဟူသော အများအကျိုးဆောင်ရွက်လိုစိတ်ရှိကြရပါမည်။ နေရာတိုင်းတွင် မိမိအတွက်သာ တွေး၍ မိမိအကျိုးသာ ဆောင်ရွက်နေကြသူများမှာ အချိန်ကြာလျှင် ရေဝေးနေသော ကြာပန်းကဲ့သို့ ခြောက်သွေ့နွမ်းလျသွားကြမည် ဖြစ်ပါသည်။

**အတိုက်အခံဟူသမျှကို ရင်ဆိုင်ကျော်လွှား**

ပရဟိတဟူသော အများအကျိုးအတွက် လုပ်ဆောင်ရာတွင် အခက်အခဲ၊ အတိုက်အခံများစွာ ကြုံတွေ့နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားများတွင် "ဣဿာမစ္ဆရိယ"ဟူသော မနာလိုစိတ်များ ရှိနေကြခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပရဟိတလုပ်ဆောင်ကြရာတွင် "လုပ်အားမပေး၊ စည်းဝေးမလာ၊ ကွယ်ရာပြစ်ပြော၊ သဘောမမှန်၊ ဤလေးတန်၊ မှတ်ရန်အသင်း၊ ပျက်ကြောင်းတည်း" ဟူသော စလေဆရာတော်ကြီး၏ အလင်္ကာကို နှလုံးမူ၍ အတိုက်အခံဟူသမျှကို ရင်ဆိုင်ကျော်လွှားကြရပေမည်။

အတ္တစိတ်နှင့် ကျဉ်းမြောင်းသော အယူအစရှိသူများသည် မိမိအတွက်ကိုသာ ရှေ့တန်းတင်ကြပါသည်။ အတ္တသမားများ၏ အောင်မြင်မှုသည် ခဏတာ ကာလအတွက်သာ အဆင်ပြေနိုင်ပါသည်။ အထီးကျန်ဘဝသို့ ရောက်သွားတတ်သည်။ ဒုက္ခရောက်သောအခါ ကူညီမည့်သူ ကင်းမဲ့သွားတတ်ကြပါသည်။ ပရဟိတဟူသော အများအကျိုးဆောင်ရွက်ခြင်း ကောင်းမှုကုသိုလ်သည် မိမိ၏နောက်မှ အရိပ်ပမာ အကျိုးပြုနေမည်သာ ဖြစ်ပါသည်။ ဘဝသစ်သို့ ရောက်သွားသောအခါတွင်လည်း အတိတ်၏ ကောင်းကျိုးနှင့်အထောက်အပံ့များကို ခံစားကြရမှာ ဖြစ်ပါသည်။ ထို့ကြောင့် "အောင်မြင်တယ်ဆိုတာ သင့်ဘဝမှာရလိုက်တဲ့ အကျိုးခံစားမှုနဲ့မဆိုင်ဘူး။

သင့်အတွက် ပြီးမြောက်အောင်မြင်မှုနဲ့လည်း မဆိုင်ဘူး။ အောင်မြင်ခြင်းဆိုတာ သူတစ်ပါးတို့အတွက် သင်ဘာတွေ လုပ်ဆောင်ပေးခဲ့သလဲဆိုတာပါပဲ"ဟူ၍ ဒယ်နီသောမတ်က ပြောခဲ့ပါသည်။

"ပရဟိတ အစ ဗုဒ္ဓက"ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓသည် လောကီစည်းစိမ်ကို စွန့်၍ သံသရာတွင်ကျင်လည်နေသော သတ္တဝါများကို ကယ်တင်ရန် တောထွက်၍ ဘုရားအဖြစ်သို့ရောက်အောင် ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဘုရားအဖြစ်သို့ ရောက်သောအခါတွင်လည်း သတ္တဝါတို့အား သံသရာဆင်းရဲမှ လွတ်မြောက်စေရန် တရားအမြိုက်ဆေးတိုက်ကျွေးကာ ကယ်တင်ခဲ့ပါသည်။

သိကြားမင်း၏ ပရဟိတ စိတ်ထားသည် မွန်မြတ်ခြင်းရှိသကဲ့သို့ အတုယူဖွယ်ပင် ဖြစ်ပါသည်။ သကြားမင်းသည် အတိတ်ဘဝတွင် မစလရွာ၌ မာဃလုလင်ဖြစ်ခဲ့သည်။ မာဃလုလင်သည် ရွာသားသုံးဆယ့်သုံးယောက်နှင့်အတူတစ်ယူဇနာပြီး တစ်ယူဇနာ လမ်းဖောက်သည်။ ခရီးသွားများနားနေရန်အတွက် ဇရပ်ဆောက်သည်။ ထိုကဲ့သို့ ပရဟိတ စိတ်အပြည့်ဖြင့် အများအကျိုးဆောင်ရွက်ခဲ့ခြင်းကြောင့် ကွယ်လွန်သောအခါ သိကြာမင်းဖြစ်လာသည်။ သူ၏အပေါင်းအဖော်များမှာ နတ်သားများဖြစ်လာကြပေသည်။

**အကျိုးရှိအောင်ဆောင်ရွက်**

ကျွန်တော်တို့သည် ပရဟိတလုပ်ဆောင်ရာတွင် မိသားစုအတွင်းမှ စတင်ဆောင်ရွက်ကြရပေလိမ့်မည်။ မိသားစုတွင် မိမိအကျိုးထက် မိဘနှစ်ပါး၏ အကျိုးကို စဉ်းစားဆောင်ရွက်ကြရမည်။ ညီအစ်ကိုမောင်နှမများကြားတွင် အနစ်နာခံလိုစိတ်ရှိရမည်။ မိတ်ဆွေသူငယ်ချင်းများကြားတွင်လည်း အတ္တတရားကိုဖယ်၍ ပရတရားကို လက်ကိုင်ထားကြရပါမည်။ မိသားစုအတွင်း၌ ပရဟိတစိတ်ကို စတင်လုပ်ဆောင်ခြင်းမှတစ်ဆင့် မိမိအိမ်နီးချင်းများ၊ မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိတိုင်းပြည်၊ မိမိကမ္ဘာကြီးအတွက် အကျိုးရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။ ဆရာဇော်ဂျီက "သင်လာစဉ်ပင်လယ်လမ်းမှာဖြင့်၊ မုန်တိုင်းလေ လှိုင်းရေကြမ်းသောကြောင့်၊ ပန်းခဲ့သူစင်ရော်ငှက်ကိုလ၊ ကြောထက်ဝယ် ဆောင်ယူသယ်၍၊ ဖောင်သဖွယ် သင်ကူမတယ်လို့ တွေးဆကာသည် အလွမ်းရယ်နဲ့၊ ဝမ်းမြောက်တယ်လေး"ဟူ၍ လူသားတို့အနေဖြင့် မိမိအတွက်လည်း မပင်ပန်းဘဲ အများအကျိုးဆောင်ရွက်ခြင်းဖြင့် မိမိ၌လည်း ဝမ်းသာပီတိဖြစ်နိုင်ကြောင်း၊ လေးစားဖွယ်လည်း ဖြစ်နိုင်ကြောင်းကို "လှိုင်းကလေးသင်"ကဗျာတွင် ရေးဖွဲ့ခဲ့ပါသည်။

ကျွန်ုပ်ဖတ်ဖူးသော ပုံပြင်လေးတစ်ပုဒ်တွင် မောင်နသည် ဆေးကုသရန် ပညာရှိရသေ့ထံသွားလေသည်။ လမ်းခရီးတွင် ကျီးကန်း၊ မြွေနှင့်မိကျောင်းတို့ကိုတွေ့လေသည်။ ၎င်းတို့က သူတို့၏ ပြဿနာများကို မေးခဲ့ပေးရန် တောင်းဆိုကြရာ မောင်နက လက်ခံလိုက်ပါသည်။ ရသေ့က မိကျောင်း၏ ဦးခေါင်းမှ ပတ္တမြားကိုထုတ်၍ တခြားသူအားပေးလျှင် ခေါင်းကိုက်ရောဂါ ပျောက်ကင်းမည်ဖြစ်ကြောင်း၊ မြွေကိုလည်း တောင်ပို့၌ မြှုပ်နှံထားသော ရွှေအိုးကို သူတစ်ပါးအားပေးလိုက်လျှင် တောင်ပို့တွင်းသို့ အလွယ်တကူ ဝင်ထွက်နိုင်မည်ဖြစ်ကြောင်း၊ ကျီးကန်းကိုမူ ညောင်ပင်ရင်း၌ ငွေအိုးများကို တူးဖော်၍ တစ်ပါးသူအားပေးလိုက်ပါက အလိုရှိတိုင်းအဝေးသို့ ပျံသန်းနိုင်မည်ဖြစ်ကြောင်း ဖြေကြားပေးလိုက်ပါသည်။

မောင်နသည်အဖြေများအား မှတ်သား၍ ပြန်ပြောပြသောအခါ တိရစ္ဆာန်တို့က ပတ္တမြား၊ ရွှေအိုး၊ ငွေအိုးတို့ကို မောင်နအား ပေးလိုက်ပါသည်။ ဤသည်ကား ပရဟိတစိတ်ဖြင့် အများအကျိုးဆောင်ရွက်ခဲ့ခြင်းကြောင့် ကောင်းမွန်သော အကျိုးကို ရရှိသွားခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ခေတ်တွင် သက်ကြီးရွယ်အို ဘိုးဘွားရိပ်သာများ၊ မျက်မမြင်ပရဟိတကျောင်းများ၊ မိဘမဲ့ပရဟိတကျောင်းများ၊ လူမှုကူညီရေးအသင်းများ၊ ဘုန်းတော်ကြီးသင်ပညာကျောင်းများ၊ အခမဲ့ဆေးပေးခန်းများ စသည်ဖြင့် နေရာဒေသများစွာတို့တွင် ဖွင့်လှစ်ထားလျက်ရှိကြပါသည်။ ထို့ကြောင့် မိမိတို့ တတ်နိုင်သောနေရာမှ ငွေအားဖြင့်လည်းကောင်း၊ ကာယအား၊ ဉာဏအားဖြင့်ဖြင့်လည်းကောင်း ဝိုင်းဝန်းကူညီကြရန် လိုအပ်ပါသည်။

ပရဟိတဟူသော အများအကျိုးဆောင်ရွက်ကြရာတွင် မေတ္တာတရားလက်ကိုင်ထားသူများ၊ စာနာရိုင်းပင်းတတ်သူများ၊ ကိုယ်ချင်းစာစိတ်ရှိသူများ၊ ဖြူစင်သောနှလုံးသားရှိသူများ မည်သူမဆို လုပ်ဆောင်နိုင်ကြပါသည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ကြသော်လည်း မိမိ၏အတ္တကိုယ်ကျိုးသက်သက်ကိုသာ ကြည့်ကြလျှင် အများအကျိုးအတွက် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ပညာပြည့်ဝနှလုံးလှသူတို့သည် အများအကျိုးအတွက် ပညာအစွမ်း၊ ဉာဏ်အစွမ်းကို အသုံးချ၍ အများအကျိုးဆောင်ရွက်တတ်ကြပါသည်။

**ပရဟိတစိတ်ဖြစ်ပေါ်လာစေရန် သွန်သင်ပေး**

ယနေ့လူငယ်အများစုသည် ပရဟိတစိတ်နည်းပါးလာကြပါသည်။ ခရီးသည်ကားပေါ်တွင် သက်ကြီးရွယ်အိုများက မတ်တတ်ရပ်စီးနေကြရသည်။ လူငယ်အများစုက စတိုင်လ်အပြည့်ဖြင့် ထိုင်ရာကမထကြပေ။ ဖယ်ပေးရကောင်းမှန်းမသိကြပေ။ စာသင်ကျောင်းများတွင် ဆရာ ဆရာမများက ကိစ္စကြီးငယ်ခိုင်းကြလျှင် ဝိုင်းဝန်းကူညီကြသူများမှာ လူအနည်းစုဖြစ်သည်။ ရှောသာခိုနေကြသူက များကြပါသည်။ လူငယ်တို့တွင် တိုးတက်လိုသောအသိ၊ ထက်မြက်သောအမြင်၊ သွက်လက်သောလှုပ်ရှားမှု၊ မှန်ကန်သောအတွေးအခေါ်များရှိပါသည်။ ထို့ကြောင့် မိဘများ၊ဆရာသမားများ၊ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းအနေဖြင့် လူငယ်များပရဟိတစိတ်ဖြင့် အများအကျိုးဆောင်ရွက်လိုသော အလေ့အကျင့်များ ကိန်းအောင်းလာစေရန် လမ်းညွှန်မှုများပြုလုပ်ကြရန်လုပ်အပ်ပါသည်။ ထို့အတူ ပရဟိတဆောင်ရွက်နေကြသူများအနေဖြင့်လည်း လူငယ်များကို ပရဟိတစိတ်ဖြင့် အများအကျိုးဆောင်ရွက်လာစေရန် လက်တွဲခေါ်ယူကြရန်လိုအပ်ပါသည်။ စာသင်ကျောင်းများတွင်လည်း အသင်းတာဝန်များလုပ်ဆောင်မှု၊ ကျောင်းတွင်းရှိ ကိစ္စကြီးငယ်များ လုပ်ဆောင်ရာတွင် ကလေးများအားလုံး ပါဝင်လုပ်ဆောင်ကြစေရန် ဆရာ၊ ဆရာမများက လမ်းညွှန်ပေးခြင်း၊ အတုယူဖွယ်ပုံပြင်များ၊ လေးစားဖွယ်ရာ လူပုဂ္ဂိုလ်များ အကြောင်းကို သင်ကြားခြင်းဖြင့် ကလေးလူငယ်များ ပရဟိတစိတ် ဖြစ်ပေါ်လာစေရန် သွန်သင်ပေးကြရပါမည်။

ကျွန်တော်တို့အားလုံးသည် ပရဟိတစိတ်ကို ခန္ဓာတည်သရွေ့ မြဲနေစေကာ အနာဂတ်အတွက် လိုအပ်သောနေရာများတွင် အုတ်တစ်လွှား၊ သဲတစ်ဖြာအဖြစ် ပါဝင်ဆောင်ရွက်ကြရပါမည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနစိတ်များဖုံးလွှမ်းနေသော ကမ္ဘာကြီးတွင် ပရဟိတဆောင်ရွက်ကြရာ၌ "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင်ယှဉ်၊ ရှေးရှုနှင်လေ့"ဟူသော ရွှေဟင်္သာဆရာတော်ကြီး၏ ဆုံးမဩဝါဒအတိုင်း စေတနာ၊ မေတ္တာအပြည့်ဖြင့် အများအကျိုးဆောင်ရွက်ကာ ချမ်းမြေ့သာယာသော လောကသစ်ကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## ချစ်ခင်လေးစား အလုပ်သမား

* လုပ်အားတန်ဖိုး ချစ်မြတ်နိုး
တိုင်းပြည်ဝင်ငွေတိုး၊
အကျိုးအမြတ် ရှိမှသာ
စီးပွားဖြစ်ကြမှာ။

* တိုင်းပြည်မြို့ရွာ ဖွံ့ဖြိုးရေး
လုပ်အားလိုတယ်လေး၊
မြော်မြင်တွေးလို့ ကြိုးစားနေ
ထုတ်ကုန်တိုးမြှင့်စေ။

* ဝင်ငွေရအောင် အမြဲလုပ်
တိုင်းပြည်ဘဏ္ဍာထုပ်၊
အလုပ်သမား စွမ်းအားကို
ကြိုးစားမြှင့်တင်လို။

* အပိုဝင်ငွေ ရရှိရေး
လုပ်ပါလက်မနှေး၊
ဘဝရှေ့ရေး ကောင်းမွန်အောင်
အများအကျိုးဆောင်။

* ဤလူ့ဘောင်ကို လှစေဖို့
အားထုတ်ကြပါစို့။
တိုင်းပြည်လုပ်သားတို့။ ။

ဖိုးပြည့် (ပတ္တမြား)

## အရောက်လှမ်းခဲ့

+ အလည်လာဖို့ ဖိတ်ခေါ်နေ
တောင်ပေါ်ဒေသ ထင်းရှူးမြေ
ပန်းချယ်ရီတွေ လွန်လှပ
မောတို့ဌာနေ ကမ္ဘောဇ။

+ တောင်စဉ်တောင်တန်း စိမ်းစိုစို
မြင့်မားမတ်စောက် ရင်ဖိုဖို
မြွေလိုလိမ်ကောက် လမ်းဖောက်ထား
ရှုမဆုံးတဲ့ မြင်ကွင်းများ။

+ ပအိုဝ်းခနု အင်းပလောင်
ရိုးသားလှတဲ့ တို့ပြည်ထောင်
ရှမ်းညီနောင်နဲ့ ဗမာစု
စုစည်းထားတဲ့ ပြည်နယ်တစ်ခု။

+ ရိုးသားလှတဲ့ တို့ဌာနေ
လာရောက်ကြဖို့ ဖိတ်ခေါ်မလေ
ရာသီရေမြေ အေးချမ်းလို့
အင်းလေးကန်ကြီး အရောက်သွားစို့။

+ မြူတွေဆိုင်းတဲ့ မောတို့မြေ
တန်ဆောင်တိုင်ပွဲ လာခဲ့လေ
ဝေးနေမိတ်ဆွေ ပျော်ရွှင်ဖို့
ရှမ်းအိုးစည်နဲ့ ကြိုကြစို့။

+ ဝေးဌာနေက မိတ်သဟာ
ရွှေလက်ကမ်းလို့ ကြိုနေမှာ
ချိုသာဖော်ရွေ ပျူငှာတဲ့
တောင်ပေါ်မြို့လေး အရောက်လှမ်းခဲ့။

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃၀-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၄၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၅၄,၉၃၉) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၈၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၈၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၀-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄၃) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၂၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၃၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၃၉) ခု | (၆) ဦး |
| စုစုပေါင်း | (၈,၅၄၀) ခု | (၁၉) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၀၃၇၀၅၉ | ၈၀၆၅၅၆၈၅ | ၁၀၂၀၆၆၀ |
| ၂။ | အိန္ဒိယ | ၄၃၀၇၈၅၆၄ | ၄၂၅၃၃၃၇၇ | ၅၂၃၈၀၃ |
| ၃။ | ဘရာဇီး | ၃၀၄၃၃၀၄၂ | ၂၉၅၀၇၅၅၇ | ၆၆၃၄၈၄ |
| ၄။ | ပြင်သစ် | ၂၈၅၉၅၈၀၃ | ၂၆၆၉၃၈၅၂ | ၁၄၅၈၆၉ |
| ၅။ | ဂျာမနီ | ၂၄၇၀၄၅၉၇ | ၂၂၃၀၇၉၀၀ | ၁၃၅၇၉၄ |
| ၆။ | ဗြိတိန် | ၂၂၀၃၈၃၄၀ | ၂၁၁၆၈၂၆၇ | ၁၇၄၉၁၂ |
| ၇။ | ရုရှား | ၁၈၁၈၂၃၅၄ | ၁၇၅၃၉၉၈၅ | ၃၇၅၈၈၄ |
| ၈။ | တောင်ကိုရီးယား | ၁၇၂၃၇၈၇၈ | စိစစ်ဆဲ | ၂၂၇၉၄ |
| ၉။ | အီတလီ | ၁၆၄၀၉၁၈၃ | ၁၄၉၉၈၆၈၉ | ၁၆၃၃၇၇ |
| ၁၀။ | တူရကီ | ၁၅၀၃၀၃၂၁ | ၁၄၉၃၆၂၇၇ | ၉၈၇၆၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၄၉၈၀၉ | ၉၂၆၂၂၅၅ | ၄၃၀၄၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၆၇၉၆ | ၅၈၈၂၆၆၀ | ၁၅၆၂၅၇ |
| ၃။ | မလေးရှား | ၄၄၄၅၈၉၇ | ၄၃၆၀၀၆၁ | ၃၅၅၄၂ |
| ၄။ | ထိုင်း | ၄၂၅၀၉၄၉ | ၄၀၇၀၈၅၆ | ၂၈၅၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၅၆၄၃ | ၃၆၁၈၁၃၇ | ၆၀၃၄၁ |
| ၆။ | စင်ကာပူ | ၁၁၉၅၇၆၇ | ၁၁၃၂၅၇၄ | ၁၃၃၄ |
| ၇။ | မြန်မာ | ၆၁၂၈၈၃ | ၅၉၁၈၁၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၇၄၆၉ | ၂၀၅၃၇၈ | ၇၄၄ |
| ၉။ | ဘရူနိုင်း | ၁၄၁၈၅၀ | ၁၄၀၈၉၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၅၁ | ၁၃၃၀၇၃ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း ကုမ္ပဏီ ၁၈ ခု၊ ယာဉ်စီးရေ ၂၈ စီးဖြင့် အိမ်သုံးအောက်ဆီဂျင်စက် ၂၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၀၀၊ လက်အိတ် ၁၃ တန်နှင့် နှာခေါင်းစည်း ၂၀၂ ဒသမ ၁၇ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ဝင်ရောက်ကြည့်ရှုနိုင်

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများက ဆေးဝါးမျိုးစုံ ၁၆ မျိုး စုစုပေါင်း ၃၃၂၆၉ ဒသမ ၁၃ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ ယခုအခါ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ ကျဆင်းလာပါသဖြင့် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် မြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားများ နိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်၍ (၁၇-၄-၂၀၂၂)ရက်နေ့၊ (၀၀:၀၀)နာရီမှစ၍ ပြေးဆွဲဆောင်ရွက်ခဲ့ရာ (၂၈-၄-၂၀၂၂)ရက်နေ့အထိ ဝင်ရောက်လာသူခရီးသည်များမှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း လွန်စွာနည်းပါးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ အဆိုပါတွေ့ရှိချက်အရ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)များဖြင့် ပြန်လည်လိုက်ပါလာသူများအား ယခင်က သတ်မှတ်ဟိုတယ်တွင် (၂၄)နာရီနေထိုင်စေ၍ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ခြင်းအစား (၁-၅-၂၀၂၂)ရက်နေ့၊ (၀၀:၀၀) နာရီမှစတင်၍ ကုန်ကျစရိတ်သက်သာပြီး ဓာတ်ခွဲအဖြေ အချိန်တိုအတွင်း ချက်ချင်းရရှိနိုင်သော RDT နည်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စစ်ဆေးပေးခြင်းကို ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ၎င်းအပြင် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် (Relief Flight) များ၊ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသူများအား ယခင်က ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးပါက အသွားအလာကန့်သတ်ထားရှိမှု (၅)ရက်အစား (၃)ရက်သို့လည်းကောင်း၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုမရှိပါက အသွားအလာကန့်သတ်ထားရှိမှု (၇)ရက်အစား (၅)ရက်သို့ လည်းကောင်း ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော (က) နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ် (Commercial Flight)၊ (ခ) ကယ်ဆယ်ရေးလေယာဉ် (Relief Flight) နှင့် (ဂ)နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်ရောက်လာမည့် ခရီးသွားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်များပါ လမ်းညွှန်ချက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၉-၄-၂၀၂၂)

### လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာနိုင်ငံသား ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၂၇-၄-၂၀၂၂)

မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် မြန်မာနိုင်ငံသားများသည် **အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေကြောင်းလိုင်း (Commercial Flight)** သို့မဟုတ် **ကယ်ဆယ်ရေးလေယာဉ် (Relief Flight)** တစ်ခုခုဖြင့်ဝင်ရောက်ရန် ရွေးချယ်၍ လိုအပ်ချက်များ ပြည့်စုံစေရေး ကြိုတင်စီစဉ်ရာတွင် လေယာဉ်လက်မှတ်အမျိုးအစား မှန်ကန်စွာ ရရှိစေရေး စိစစ်ဝယ်ယူရမည်ဖြစ်ပါသည်။

**Commercial Flight လေယာဉ်လက်မှတ်ရရှိပါက လိုအပ်သည့်စာရွက်စာတမ်းများ-**
- လွန်ခဲ့သော (၁၄) ရက်ကျော်က ကာကွယ်ဆေး (MoH အသိအမှတ်ပြု) အကြိမ်ပြည့် ထိုးနှံပြီးကြောင်းလက်မှတ်
- လွန်ခဲ့သော(၇၂)နာရီအတွင်း RT-PCR နည်းဖြင့် ကိုဗစ်-၁၉ မရှိကြောင်းအဖြေ
- ကျန်းမာရေးကြေညာချက် (Health Declaration Form)
- RDT ဖြင့် ဓာတ်ခွဲစစ်ဆေးရာတွင်ဖြည့်သွင်းရမည့်ပုံစံ

↓ လေဆိပ်ကျန်းမာရေးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးတွင် စစ်ဆေးမှုခံယူခြင်း

↓ လေဆိပ်ရှိသတ်မှတ်နေရာတွင် RDT ဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှုခံယူခြင်း (စစ်ဆေးချိန် တစ်နာရီခန့် ကြာမြင့်နိုင်ပါသည်)

- RDT တွင် ကိုဗစ်-၁၉ မတွေ့ရှိပါက မိမိတို့၏ ခရီးစဉ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်
- RDT တွင် ကိုဗစ်-၁၉ တွေ့ပါက သတ်မှတ်ထားသည့် ဆေးရုံ သို့မဟုတ် ကုသရေးစင်တာ သို့မဟုတ် ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်ကုသခြင်း။

**Relief Flight လေယာဉ်လက်မှတ်ရရှိပါက လိုအပ်သည့်စာရွက်စာတမ်းများ-**
- လွန်ခဲ့သော (၁၄) ရက်ကျော်က ကာကွယ်ဆေး (MoH အသိအမှတ်ပြု) အကြိမ်ပြည့် ထိုးနှံပြီးကြောင်း လက်မှတ်(ပါရှိက ကွာရန်တင်းရက်လျှော့ပါမည်)
- ကျန်းမာရေးကြေညာချက် (Health Declaration Form)

↓ လေဆိပ်ကျန်းမာရေးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးတွင် စစ်ဆေးမှုခံယူခြင်း

↓ လေဆိပ်မှသတ်မှတ်ယာဉ်ဖြင့် သတ်မှတ်ဟိုတယ် သို့မဟုတ် သတ်မှတ်ကွာရန်တင်းစင်တာသို့ ပို့ဆောင်ခြင်း

↓ သတ်မှတ်ဟိုတယ် သို့မဟုတ် သတ်မှတ်ကွာရန်တင်းစင်တာတွင် ကွာရန်တင်းဝင်ရောက်ခြင်း -
- ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးပါက ကွာရန်တင်း (၃)ရက် (Day 2 တွင် RT PCR ဖြင့်စစ်ဆေးခြင်း)
- ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းမရှိက ကွာရန်တင်း (၅)ရက် (Day 1 တွင် RDT ဖြင့်စစ်၊ Day 4 တွင် RT PCR ဖြင့်စစ်ဆေးခြင်း)

- ကွာရန်တင်းရက်ပြည့်ပြီးကိုဗစ်-၁၉ မတွေ့ရှိပါက သတ်မှတ်ဟိုတယ် သို့မဟုတ် သတ်မှတ်ကွာရန်တင်းစင်တာမှ ထွက်ခွါနိုင်ပြီဖြစ်ပါသည်။
- ကွာရန်တင်းကာလအတွင်းကိုဗစ်-၁၉ တွေ့ပါက သတ်မှတ်ထားသည့် ဆေးရုံ သို့မဟုတ် ကုသရေးစင်တာ သို့မဟုတ် ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်ကုသခြင်း။

နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ SOP (၂၇-၄-၂၀၂၂) ကို www.moh.gov.mm တွင် download ရယူနိုင်ပါသည်။
လေယာဉ်လက်မှတ်ရောင်း Agent များအနေဖြင့် လက်မှတ်ဝယ်ယူသူများအား ကယ်ဆယ်ရေးလေယာဉ် သို့မဟုတ် ခရီးသည်တင်လေယာဉ်ခရီးစဉ်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ သဘောပေါက်နားလည်သည်အထိ ရှင်းပြရပါမည်။
လေယာဉ်လက်မှတ်ဝယ်ယူသူများအနေဖြင့် လိုက်ပါမည့်လေယာဉ်သည် ကယ်ဆယ်ရေးလေယာဉ် သို့မဟုတ် ခရီးသည်တင်လေယာဉ်ဖြစ်သည်ကို သေချာစွာသိရမည်ဖြစ်ပြီး လက်မှတ်လွဲမှားမဝယ်ယူမိရန်နှင့်ကျန်းမာရေးလိုအပ်ချက်များကို သတိပြုရန်ဖြစ်ပါသည်။
လေယာဉ်လက်မှတ်ရောင်းသူများ လေကြောင်းလိုင်းတာဝန်ခံများကလည်း ယခု SOP ကို ကောင်းစွာနားလည်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာ စနစ်တကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

### လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် နိုင်ငံခြားသား ခရီးသွားများအတွက်ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များ (၂၇-၄-၂၀၂၂)

**မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် နိုင်ငံခြားသားများသည် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေကြောင်းလိုင်း (Commercial Flight) စီးနင်းရာတွင် လိုအပ်ချက်များကို ပြည့်စုံစေရေး ကြိုတင်စီစဉ်ရပါမည်။**

**ပြည်ဝင်ခွင့်ဗီဇာနှင့် Commercial Flight လေယာဉ်လက်မှတ်ရရှိပါက လိုအပ်သည့် စာရွက်စာတမ်းများ-**
- လွန်ခဲ့သော (၁၄) ရက်ကျော်က ကာကွယ်ဆေး (MoH အသိအမှတ်ပြု) အကြိမ်ပြည့် ထိုးနှံပြီးကြောင်းလက်မှတ်
- လွန်ခဲ့သော(၇၂)နာရီအတွင်း RT-PCR နည်းဖြင့် ကိုဗစ်-၁၉ မရှိကြောင်းအဖြေ
- **မြန်မာ့အာမခံလုပ်ငန်းထံမှ ကျန်းမာရေး အာမခံ အထောက်အထား**
  (နိုင်ငံခြားသားသံတမန်များအား သက်ဆိုင်ရာနိုင်ငံများမှ အာမခံပါရှိပါက လက်ခံသွားမည်ဖြစ်ပါသည်)
- ကျန်းမာရေးကြေညာချက် (Health Declaration Form)
- RDT ဖြင့် ဓာတ်ခွဲစစ်ဆေးရာတွင်ဖြည့်သွင်းရမည့်ပုံစံ

↓ လေဆိပ်ရှိသတ်မှတ်နေရာတွင် RDT ဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှုခံယူခြင်း (စစ်ဆေးချိန် တစ်နာရီခန့် ကြာမြင့်နိုင်ပါသည်)

- RDT တွင် ကိုဗစ်-၁၉ မတွေ့ရှိပါက မိမိတို့၏ ခရီးစဉ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်
- RDT တွင် ကိုဗစ်-၁၉ တွေ့ပါက သတ်မှတ်ထားသည့် ဆေးရုံ သို့မဟုတ် ကုသရေးစင်တာ သို့မဟုတ် ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်ကုသခြင်း။

နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ SOP (၂၇-၄-၂၀၂၂) ကို www.moh.gov.mm တွင် download ရယူနိုင်ပါသည်။
လေယာဉ်လက်မှတ်ရောင်း Agent များအနေဖြင့် လက်မှတ်ဝယ်ယူသူများအား ကယ်ဆယ်ရေးလေယာဉ် သို့မဟုတ် ခရီးသည်တင်လေယာဉ်ခရီးစဉ်ဆိုင်ရာ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ သဘောပေါက်နားလည်သည်အထိ ရှင်းပြရပါမည်။
လေယာဉ်လက်မှတ်ဝယ်ယူသူများအနေဖြင့် လိုက်ပါမည့်လေယာဉ်သည် ကယ်ဆယ်ရေးလေယာဉ် သို့မဟုတ် ခရီးသည်တင်လေယာဉ်ဖြစ်သည်ကို သေချာစွာသိရမည်ဖြစ်ပြီး လက်မှတ်လွဲမှားမဝယ်ယူမိရန်နှင့်ကျန်းမာရေးလိုအပ်ချက်များကို သတိပြုရန်ဖြစ်ပါသည်။
လေယာဉ်လက်မှတ်ရောင်းသူများ လေကြောင်းလိုင်းတာဝန်ခံများကလည်း ယခု SOP ကို ကောင်းစွာနားလည်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာ စနစ်တကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

# Edutainment ဆိုတဲ့ သိပ်လှတဲ့စကားလုံးလေး

## ကျောက်မျက်သက်

Edutainment ဆိုတဲ့ စကားလုံးလေးကို နှစ်သက်ပြီး စိတ်ဝင်တစားရှိလှတာကတစ်ကြောင်း၊ ဒီနေ့ခေတ်၊ ဒီနေ့ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်လိုအပ်တဲ့အကြောင်းအရာလေးဖြစ်တာကတစ်ကြောင်း၊ ကိုယ်နှိုက်က ဒီစကားလုံးလေးအတိုင်း လိုက်နာပုံဖော်မိသလို ဖျော်ဖြေမှုတွေကို အပျင်းပြေအဖြစ်နဲ့သာ ကျင်လည်နေကြတဲ့ ကိုယ့်အသိုင်းအဝိုင်းကိုလည်း လိုက်နာစေချင်တာက တစ်ကြောင်း ဒီဆောင်းပါးကို ရေးမိတာပါလို့ ဝန်ခံပါရစေ။

**ပညာပေးဖို့ စီစဉ်တင်ဆက်ထားတဲ့ ဖျော်ဖြေမှုတစ်ခု**

Edutainment ဆိုတာ Education နဲ့ Entertainment ဆိုတဲ့စကားလုံးတွေကို ပေါင်းထားတာပါ။ Edutainment ဆိုတဲ့စကားလုံးကို မြန်မာမှုပြုထားတာ မတွေ့မိပေမယ့် အင်္ဂလိပ်အဘိဓာန်ထဲမှာ Edutainment is entertainment designed to educate as well as amuse လို့ ဆိုထားပါတယ်။ မူရင်းအဓိပ္ပာယ်အနေနဲ့ Edutainment ဆိုတာ အပျင်းပြေရုံသာမက ပညာပေးဖို့ စီစဉ်တင်ဆက်ထားတဲ့ ဖျော်ဖြေမှုတစ်ခုလို့ဆိုနိုင်မှာပါ။ ကျွန်တော်ကတော့ ဒီ Edutainmernt ဆိုတဲ့စကားလုံးဟာ ဖျော်ဖြေမှုခံစားတဲ့အခါ အပျင်းပြေဖို့အတွက်သာမက ပညာလည်းရှာမယ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်လို့ ဖွင့်ဆိုလိုက်ချင်ပါတယ်။

ကျွန်တော်တို့ငယ်ဘဝ ကြီးပြင်းခဲ့တဲ့အချိန်ကာလတွေတုန်းကတော့ Entertainment လို့ခေါ်တဲ့ ဖျော်ဖြေရေးက ရုပ်ရှင်၊ အငြိမ့်၊ ဇာတ်ပွဲ၊ စတိတ်ရှိုးတွေကြည့်တာ၊ အသံသွင်းတိတ်ခွေဇာတ်လမ်း၊ ရေဒီယိုတွေနားထောင်တာ၊ ဝတ္ထု၊ ကာတွန်း၊ ရုပ်ပြဇာတ်လမ်းတွေဖတ်တာ စတာတွေပဲ ရှိခဲ့ပါတယ်။ ကလေးဆိုတော့ပင်ပန်းလို့အပန်းဖြေတာမျိုးအနေနဲ့ ဒါတွေကို ကြည့်ရတာမျိုးမဟုတ်ဘဲ ရှိရင်ကြည့်လိုက်ရတယ်၊ မရှိရင် ဒီအတိုင်းပဲနေပေါ့။

ပညာရေးဆိုတာကလည်း ကျောင်းစာသင်ခန်းမှာ စာသင်တယ်။ မသိတာရှိရင် အစ်ကို၊ အစ်မ၊ အဒေါ်တွေက အိမ်မှာ ရှင်းပြ၊ သင်ပြပေးတယ်ဆိုတာ လောက်ပဲ ရှိခဲ့တာပေ့ါ။

ခေတ်ရဲ့တိုးတက်မှုနဲ့အညီ တီဗွီတွေ၊ ဗီဒီယိုတွေ ပေါ်လာပြီးနောက်ပိုင်းမှာ ဖျော်ဖြေမှုတွေကို အိမ်အပြင်ထွက်စရာမလိုတော့ဘဲ အိမ်အတွင်းမှာတင် ကြည့်ရှုခံစားနိုင်တဲ့အခြေအနေကို ရောက်လာခဲ့တယ်။ ရုပ်ရှင်၊ ပြဇာတ်၊ စတိတ်ရှိုးတွေကို ရုံတွေ၊ အပြင်တွေမှာ ကြည့်ရှုကြတဲ့အစား အိမ်အတွင်းမှာပဲ တီဗွီ၊ ဗီဒီယိုကနေ ကြည့်ရှုခံစားလာနိုင်ခဲ့ကြပါတယ်။

တိုးတက်လာတဲ့နည်းပညာတွေ ဆန်းသစ်မှုကြောင့် ယနေ့ခေတ်အချိန်မှာတော့ အိမ်အပြင်၊ အိမ်အတွင်းရယ်လို့ နေရာမရွေးတော့ဘဲ ကိုယ်နဲ့မကွာ လက်မှာအမြဲကိုင်ထားနိုင်တဲ့ Smart Phone တွေ၊ Tablet တွေပေါ်လာတော့ ဖျော်ဖြေမှုကို အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုခံစားနေနိုင်ကြပြီဖြစ်ပါတယ်။

**အချိန်တော်တော်များများကို ဝါးမျိုခံနေကြရ**

ဒါကြောင့် အချိန်မရွေး၊ နေရာမရွေး ဖုန်းကို ပွတ်နေကြလို့ မိသားစုတွေရဲ့ နေထိုင်မှုပုံစံတွေ၊ မိတ်ဆွေတွေရဲ့ စကားဝိုင်းဖွဲ့ပြောဆိုမှုပုံစံတွေ ပြောင်းလာပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှု၊ နွေးထွေးမှုတွေ ပျောက်ဆုံး

> **ဒီနေ့ခေတ်ဟာ ပညာခေတ်ပါ။ သက်ဆိုင်ရာနယ်ပယ်အလိုက် ပိုလို့သိသူ၊ ပိုလို့တတ်သူ၊ ပိုလို့ကျွမ်းကျင်သူတွေကို ဦးစားပေး၊ နေရာပေးနေကြတဲ့အချိန်ပါ။ ပိုတတ်၊ ပိုသိ၊ ပိုကျွမ်းကျင်ဖို့ဆိုတာ ပညာတိုးအောင် ရှာကြရပါမယ်။ မိသားစုတာဝန်တွေ၊ အလုပ်တာဝန်တွေနဲ့ ပညာရှာဖို့ အချိန်အားလပ်မှုမရှိတဲ့ ဝန်ထမ်းတွေအတွက်တော့ ရတဲ့အချိန်တွေမှာ ဖုန်းပွတ်တာကို အပျင်းပြေ ဖျော်ဖြေမှုခံစားဖို့အတွက်သာ မကုန်ဆုံးသင့်ဘဲ အပျင်းလည်းပြေ၊ ပညာလည်းရအောင် Edutainment ကို ပုံဖော်ရင်းနဲ့ ကုန်ဆုံးစေချင်**

ပြီး ဖုန်းနဲ့သာ အချိန်ကုန်နေကြတဲ့အဖြစ်ကို ရောက်လာခဲ့တယ်။ ဖုန်းတွေ၊ တက်ဘလက်တွေကို ဖျော်ဖြေမှုအတွက်သုံးရင်းနဲ့ ကျွန်တော်တို့ရဲ့အချိန်တော်တော်များများကို ဝါးမျိုခံနေကြရပါတယ်။

အိမ်ထောင်ရှင်ဇနီးသည်တွေက ဂိမ်းဆော့နေလို့ ထမင်းမချက်နိုင်တာ၊ အဝတ်မလျှော်နိုင်တာ၊ အိမ်သန့်ရှင်းရေးမလုပ်နိုင်တာတွေ၊ ရုံးဝန်ထမ်းတွေ facebook ကြည့်နေလို့ အလုပ်မပြီးတာ၊ တာဝန်လစ်ဟင်းတာတွေ၊ ကျောင်းသား ကျောင်းသူတွေ အင်တာနက်ဂိမ်းဆော့နေလို့ ကျောင်းစာမပြီးတာ၊ မလိုက်နိုင်တာ၊ ကိုယ်လက်လှုပ်ရှား အားကစား/ ဖွံ့ဖြိုးရေးလှုပ်ရှားမှုတွေမှာ မပါနိုင်တာတွေကို ကြုံလာနေကြရပါတယ်။

ဒီတော့ ဖုန်းတွေ၊ တက်ဘလက်တွေဟာ ကောင်းကျိုးမပေးဘဲ အကျိုးမဲ့ဆုတ်ယုတ်တာကို ပေးနေတာလား၊ ဒါဆိုရင် တီထွင်ခဲ့တဲ့ပညာရှင်တွေကို အပြစ်ဆိုရမလို ဖြစ်နေတာပေ့ါ၊ တကယ်ကတော့ လက်ဖဝါးလောက်သာရှိတဲ့ ဒီပစ္စည်းလေးထဲမှာ ကိုယ်လိုတဲ့အချက်အလက်တွေအားလုံးကို ထည့်ထားပြီး လိုတဲ့အချိန်၊ နေရာတွေမှာ ပြန်ထုတ်သုံးနိုင်တယ်။ သတင်းအချက်အလက်တွေကို စက္ကန့်ပိုင်းအတွင်း တစ်နေရာကတစ်နေရာကို ပို့ပေးနိုင်တယ်။ သိချင်တဲ့အကြောင်းအရာ၊ တတ်ချင်တဲ့ ပညာရပ်တွေကို ရှာဖွေနိုင်တယ်။ ဒါကြောင့် ဖုန်း၊ တက်ဘလက်တွေဟာ ကျွန်တော်တို့ရဲ့ နေထိုင်မှုဘဝမှာ မရှိမဖြစ် အင်မတန်အသုံးဝင်တဲ့ပစ္စည်းတွေသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သုံးတတ်ရင် ပညာတွေရနိုင်သလို မသုံးတတ်ရင် အချိန်ကုန်ငွေကုန်တဲ့ ဝေဒနာတော့ ဖြစ်လာနိုင်တာပေ့ါ။ တီထွင်တဲ့သူကို အပြစ်မဆိုနိုင်ဘဲ ဝေဒနာရအောင်သုံးတဲ့သူတွေကို အပြစ်ဆိုရပါမယ်။

**ပညာရပ်ဆိုင်ရာ website တွေ၊ page တွေကိုကြည့်**

ဆိုလိုတာကတော့ ဖုန်း Bill တွေအကုန်ခံပြီး Internet ဖွင့်တယ်။ ပြီးတော့ Selfie ရိုက်ထားတဲ့ ပုံကိုတင်တယ်။ ဘယ်သူက ဘယ်သွားပြီး ရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ ဘယ်သူနဲ့ဘယ်သူ အတင်းအဖျင်းဆိုထားတဲ့စကားတွေကို ကြည့်၊ ဖတ်ပြီး ဖျော်ဖြေမှုသက်သက်သာ အပျင်းပြေခံစားနေရင်တော့ အချိန်ကုန်ရုံပဲရှိနေနိုင်ပါတယ်။ အပျင်းပြေအနေနဲ့ ဖုန်း၊ တက်ဘလက်တွေကို သုံးတာဖြစ်ပေမယ့် ငွေကုန်၊ အချိန်ကုန်ဖြစ်နေမှာပါ။ ဒီလိုမဟုတ်ဘဲ အဲဒီအချိန်မှာ ပညာရပ်ဆိုင်ရာ website တွေ၊ page တွေကိုကြည့်၊ ဖတ်နေမယ်ဆိုရင်တော့ အပျင်းလည်းပြေ၊ ပညာလည်းတိုးစေနိုင်တာပေ့ါ။

ဒ့ါအပြင် Game ဆော့ရင်တောင် Typing Game၊ Quiz Game မျိုးတွေကို ဆော့မယ်၊ စာဖတ်ရင် စိတ်ထားတွေရင့်ကျက်စေမယ့်၊ EQ (Emotional Quotient) ကောင်းစေမယ့်စာမျိုးတွေကို ဖတ်မယ်၊ ကိုယ်စိတ်ဝင်စားတဲ့ဘာသာရပ်တွေ တင်ထားတဲ့ Website တွေကို ဝင်ကြည့်မယ်၊ Facebook ကြည့်ရင်တောင်မှ ကိုယ်စိတ်ဝင်စားတဲ့ Page တွေကို ဝင်ကြည့်မယ်၊ သတင်းတွေဖတ်ရင် ကိုယ့်ဌာန၊ ကိုယ့်နယ်ပယ်နဲ့ဆိုင်တာ၊ ပတ်သက်တာတွေကို ဖတ်မယ်၊ ဖတ်ရတဲ့သတင်းအပေါ်မှာ မူတည်လို့ ကိုယ်ပြုပြင်စရာတွေကို ပြုပြင်မယ်၊ ကိုယ်လိုက်နာစရာတွေကို လိုက်နာမယ်၊ ကိုယ်ပြင်ဆင်စရာတွေကို ကြိုတင်ဆောင်ရွက်ထားမယ်ဆိုတာတွေသာ လုပ်ရင် အပျင်းလည်းပြေ၊ ပညာလည်းရ ဖြစ်နေမှာပါ။

**Edutainment ဆိုတဲ့ စကားလုံးလေး**

ဒ့ါကြောင့် ဖုန်း၊ တက်ဘလက်တွေကို အပျင်းပြေသုံးရင်းနဲ့ Edutainment ဆိုတဲ့ စကားလုံးလေးကို အဲဒီလိုပုံဖော်စေချင်တာပါ။ အားချိန်မရှိတဲ့ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ လူနေမှုဘဝမှာ Edutainment ကို ပုံဖော်ရင်းနဲ့ အသိပညာတွေ၊ ပညာရပ်တွေ တိုးလို့ရပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားကြစေလိုတာပါ။

ဒီနေ့ခေတ်ဟာ ပညာခေတ်ပါ။ သက်ဆိုင်ရာနယ်ပယ်အလိုက် ပိုလို့သိသူ၊ ပိုလို့တတ်သူ၊ ပိုလို့ကျွမ်းကျင်သူတွေကို ဦးစားပေး၊ နေရာပေးနေကြတဲ့အချိန်ပါ။ ပိုတတ်၊ ပိုသိ၊ ပိုကျွမ်းကျင်ဖို့ဆိုတာ ပညာတိုးအောင် ရှာကြရပါမယ်။ မိသားစုတာဝန်တွေ၊ အလုပ်တာဝန်တွေနဲ့ ပညာရှာဖို့ အချိန်အားလပ်မှုမရှိတဲ့ ဝန်ထမ်းတွေအတွက်တော့ ရတဲ့အချိန်တွေမှာ ဖုန်းပွတ်တာကို အပျင်းပြေဖျော်ဖြေမှုခံစားဖို့အတွက်သာ မကုန်ဆုံးသင့်ဘဲ အပျင်းလည်းပြေ၊ ပညာလည်းရအောင် Edutainment ကို ပုံဖော်ရင်းနဲ့ ကုန်ဆုံးစေချင်တာပါ။

ဒ့ါကြောင့် ဖုန်း၊ တက်ဘလက်တွေကိုသုံးတဲ့အခါ ဘာမဟုတ်တဲ့ဟာတွေကို ကြည့်၊ ဖတ်ပြီး ဝေဒနာတွေကို ယူငင်တာနဲ့ အချိန်မကုန်စေလိုဘဲ သိသင့်တဲ့အကြောင်းအရာတွေ၊ တတ်သင့်တဲ့ ပညာရပ်တွေကို အားလပ်ချိန်တွေမှာ သင်ယူနိုင်ကြတဲ့ ဝန်ထမ်းတွေဖြစ်ကြအောင် Edutainment ဆိုတဲ့ သိပ်လှတဲ့စကားလုံးလေးရဲ့ အဓိပ္ပာယ်ကို ပုံဖော်နိုင်ကြပါစေလို့ ဆိုလိုက်ချင်ပါတယ်။ ။

---

# ထန်းတပင်မြို့နယ်၌ အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဆင်းပွဲ ကျင်းပ



**ထန်းတပင် ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်ရည်ရွယ်၍ အခြေခံရှေးဦးသူနာပြုစုနည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူ သင်တန်းသူသုံးဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချစ်ကိုကို၊ မြို့နယ်ပြန်/ ဆက်ဦးစီးမှူး ဒေါ်သဇင်တို့က ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းလက်မှတ်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စီစီစိုးဦးက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး သင်တန်းသူများက လက်တွေ့သရုပ်ပြသကြသည်။ သင်တန်းတွင် ကြက်ခြေနီသမိုင်းကြောင်း၊ ရှေးဦးပြုစုခြင်း သဘောတရား အပူလောင်ခြင်း၊ ဆို့နင်ခြင်း၊ သွေးဆုတ်သွေးလန့်၊ သတိလစ်ခြင်း၊ ပတ်တီးစည်းခြင်း၊ လူနာသယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း၊ အရိုးကျိုးခြင်း စသည့်ဘာသာရပ်များအား သင်ကြားပို့ချခဲ့ကာ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရတနာဟူသည် ရတနာတန်ဖိုးသိသူတို့၏ မြတ်နိုးရာဖြစ်သကဲ့သို့ ပညာရှင်ဟူသည် ပညာတန်ဖိုးသိသူတို့၏တိုင်ပင်ရာဖြစ်သည်။



Professor Dr. ဦးစံတင်အောင် (ရွှေဘို)၏ တပည့်
ဂုဏ်ထူးဆောင်လက္ခဏာပညာပါရဂူဆရာကြီး
ဒေါက်တာကျော်လွင် Hony . Doctor of Palmistry (Ph-D)

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာ့ထံမှာ ပြကြည့်ပါ။ သင့်ဘဝအတွက်ဆိုးကျိုးများကိုရှောင်ဖျက်၍ ကောင်းကျိုးများကို ဆောင်ရွက်ခွင့်ရရှိစေပါမည်။ ကလေးအမည်၊ ဆိုင်အမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်၊ ခွဲစိတ်မီးဖွားရက်၊ အိမ်ဆောက်ပန္နက်တင်မင်္ဂလာအခါ၊ နေ့ကောင်းရက်မြတ်မင်္ဂလာအခါရွေးချယ်ပေးသည်။ တိုက်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ ကားရောင်းထွက်ရန်ဆောင်ရွက်ပေးပါသည်။ ပိုင်ရှင်၏ကံဇာတာကိုတွက်ချက်၍ ဆရာကိုယ်တိုင်သတ်မှတ်ပေးသောရက်အတွင်းရောင်းထွက်ပြီးမှ ဉာဏ်ပူဇော်ခပေးရပါမည်။
ဟောခန်း(၁) - အခန်း(၆/၁၀)မြောက်ဘက်မုခ် မဟာဝိဇယစေတီ၊ရန်ကုန်။ ဟောပြောချိန်-နံနက်(၈နာရီမှ၃နာရီထိ)
ဟောခန်း(၂) - ၅၆၊ သီတာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဟောပြောချိန်-ညနေ(၄နာရီမှ၆နာရီထိ)(၁)ရက်(၁၀)ဦးသာဟောပါသည်။ (၁)ရက်ကြိုတင်စာရင်းပေးသွင်းပါရန်။ Ph-09 450025482 Online မှ မေးလိုသူများ K-pay 09450025482သို့ဉာဏ်ပူဇော်ခပေးသွင်းပြီး Viberဖြင့်လက်ပုံစံရိုက်ထားသောဓါတ်ပုံမွေးသက္ကရာဇ်ပို့၍ မေးနိုင်ပါသည်။

ပညာဒါန
လက္ခဏာပညာအတတ်သင်တန်း
တစ်လလျှင်တစ်ကြိမ် တစ်ကြိမ်လျှင်(၁၂)ရက်
တစ်ရက်လျှင် (၁)နာရီ
ကျွမ်းကျင်အောင်သင်မည် တက်ဖြစ်အောင်ကြိုးစား။
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နေ့လည်(၂း၀၀ မှ ၃း၀၀ ထိ)
စုံစမ်းရန် – 09 450025482

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါအဆောက်အဦများအားဆောက်လုပ်ရန်နှင့် အကြီးစားပြုပြင် မွမ်းမံရန်အတွက် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၂၂ ခုနှစ်၊ မေလ(၁၆) ရက်နေ့ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်–

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | သရုပ်ပြနွားခြံအတွက် အစာကြမ်းဂိုဒေါင် (၈၀' ၀" x ၆၀' ၀" x ၁၆'၀") ဆောက်လုပ်ခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်ရန် (၅၀' ၀" x ၃၀' ၀" x ၆' ၀") အဆောက်အဦဆောက်လုပ်ခြင်း | လုပ်ငန်း ၁ ခု |
| (ခ) | ဘက်စုံသုံးခန်းမ(၁၅၀' ၀" x ၆၀' ၀"x ၂၅' ၀" ) နှင့် (၁၄၀' ၀" x ၆၀' ၀"x ၃၀' ၀" ) အကြီးစားပြုပြင် မွမ်းမံခြင်း | ခန်းမနှင့် စင်မြင့် |
| (ဂ) | သင်ကြားရေးအထောက်အကူပြုတိရစ္ဆာန်ဆေးရုံ (၁၃၆' ၀" x၃၈ ' ၀" x၁၄ ' ၀") အကြီးစားပြုပြင် မွမ်းမံခြင်းနှင့် အိမ်မွေးတိရစ္ဆာန်အားပြုစုစောင့်ရှောက်ရန် (၃၆' ၀" x၁၃ ' ၀" x၉' ၀") အဆောက်အဦဆောက်လုပ်ခြင်း | လုပ်ငန်း ၁ ခု |
| (ဃ) | Rc (၂)ထပ် ရုံး/ စာသင်ဆောင် (၁၈၀' ၀" x ၄၉' ၀" x ၂၇' ၀") အမိုး/ ဆေးသုတ် အကြီးစား မွမ်းမံပြင်ဆင်ခြင်း | လုပ်ငန်း ၁ ခု |
| (င) | (F–Type) (၄၀' ၀" x ၂၀' ၀" x ၁၀' ၀") ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ(၁၀)လုံး အကြီးစားမွမ်းမံပြင်ဆင်ခြင်း | လုပ်ငန်း ၁ ခု |
| (စ) | (C–Type) (၄၂' ၀" x ၂၄' ၀" x ၁၂' ၀") အရာထမ်းအိမ်ရာ(၆) လုံး၊ မီးဖိုနှင့် စကြံန်အကြီးစား မွမ်းမံပြင်ဆင်ခြင်း | လုပ်ငန်း ၁ ခု |
| (ဆ) | (D–Type) (၃၀ ' ၀" x၂၅' ၀" x ၁၀' ၀") သရုပ်ပြနေအိမ်(၅)လုံး၊ မီးဖိုနှင့် စကြံန် အကြီးစားမွမ်းမံပြင်ဆင်ခြင်း | လုပ်ငန်း ၁ ခု |
| (ဇ) | (E–Type) (၄၀ ' ၀" x၂၅ ' ၀" x ၁၀' ၀") ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ(၆)လုံးနှင့်မီးဖို အကြီးစားမွမ်းမံပြင်ဆင်ခြင်း | လုပ်ငန်း ၁ ခု |

မှတ်ချက်။ ၂၀၂၂–၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအားလုံးကို (၂၈–၂–၂၀၂၃) ရက်နေ့ အပြီးဆောင်ရွက်ရပါမည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လုပ်ငန်း(က)အတွက် ကျပ်(၁၀၀၀၀ိ/–) နှုန်းဖြင့် လည်းကောင်း၊ လုပ်ငန်း(ခ)၊ (ဂ)၊ (ဃ)၊ (င) လုပ်ငန်းတစ်ခုစီအတွက် ကျပ် (၅၀၀၀ိ/–) နှုန်းဖြင့်လည်းကောင်း၊ လုပ်ငန်း(စ)၊ (ဆ)၊ (ဇ) လုပ်ငန်းတစ်ခုစီအတွက် ကျပ်(၂၀၀၀ိ/–) နှုန်းဖြင့်လည်းကောင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန၊ ၀၆၇–၃၄၁၆၆၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းအမှတ် ၀၆၇–၃၄၁၆၆၅၈၊ ၀၆၇–၃၄၁၆၅၂၅၊ ၀၆၇–၃၄၁၆၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၆)
## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၂–၂၀၂၃) ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအတွက် ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက်နှင့် နေရာ | – | ၉–၅–၂၀၂၂(တနင်္လာနေ့)(ရုံးချိန်အတွင်း) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) (ရုံး)၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့ |
| (၂) | တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးရောင်းချမည့်ရက် | – | ၂၀–၅–၂၀၂၂ (သောကြာနေ့) ညနေ (၁၆:၀၀)နာရီထိ |
| (၃) | တင်ဒါဖွင့်မည့်ရက် | – | ၂၇–၅–၂၀၂၂ (သောကြာနေ့) နံနက် (၁၀:၀၀) နာရီ |
| (၄) | တင်ဒါစီစစ် ရွေးချယ်မည့်နေရာ | – | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)(ရုံး)၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း – ၀၉–၄၂၁၇၁၁၄၉၁၊ ၀၉–၄၀၉၂၇၇၇၇၅၊ ၀၉–၉၈၉၅၆၄၀၆၁**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender)

၁။ ကရင်ပြည်နယ်အတွင်းရှိ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေ တို့ဖြင့်ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦ လုပ်ငန်းများအတွက် အရည်အသွေး စစ်ဆေးရေးအဖွဲ့(QC)များအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည် –

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင် | – | (၂–၅–၂၀၂၂) (တနင်္လာနေ့)၊ (ရုံးချိန်အတွင်း) |
| | ရောင်းချမည့်နေ့ရက်/ အချိန်/ နေရာ | – | ပြည်နယ်လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်/အချိန် | – | (၉–၅–၂၀၂၂) (တနင်္လာနေ့) (ညနေ ၄:၃၀ နာရီ) |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | – | (၁၃–၅–၂၀၂၂)ရက်(သောကြာနေ့) (နံနက် ၁၀: ၃၀ နာရီ) |
| (ဃ) | တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ | – | ပြည်နယ်လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်**
**၀၅၈–၂၁၀၁၅**
**၀၉–၇၈၈၃၅၁၇၀၀**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

အောင်ကမ္ဘာ
ဒဂုံမြို့သစ် (တောင်ပိုင်း၊
ဆိပ်ကမ်း၊အရှေ့ပိုင်း၊
မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

KMA
ဒဂုံမြို့သစ်
ဆိပ်ကမ်း၊ တောင်ပိုင်း
မြေကွက်များ ဝယ်ယူလိုပါသည်။
ပွဲခ(လုံး၀)ပေးရန်မလိုပါ။
အိမ်တိုင်ယာရောက် ဝယ်ယူလိုပါသည်။
09-5027066

ဒဂုံမြို့သစ်
အရှေ့၊ တောင်၊
ဆိပ်ကမ်းမြောက်ပိုင်း
မြေကွက်များ
(အထူး)ဝယ်လိုသည်။
09-5055540
09-788322253

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂၈)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် ခံစားခွင့်များအား ပိုင်ဆိုင်သူအဘိုး ဦးထင်ကျော်[၁၂/ဥကမ(နိုင်)၀၄၄၀၃၇]မှ မြေးအရင်းတော်စပ်သူ မလင်းလက်လက်ထွန်း[၁၂/ဥကမ(နိုင်)၂၅၉၁၃၃]အား မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်းကို တရားဝင်မှတ်ပုံတင်သွင်းဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၉၄)**
**အမှတ်(၁၁၈)၊ မချွေလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၀၈၄၈၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ ခေမာသီလမ်း၊ မြေကွက်အမှတ်(၁၀၃၅)၊ ဒေါ်သန်းကြည်အမည်ပေါက်သည့် မြေအကျယ်ပေ (၄၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဥ၊ ဦးမြင့်ဝင်း၊ ဦးဌေးဝင်း၊ ဒေါ်မြမြအေး၊ ဒေါ်စန်းစန်းနွဲ့တို့ (၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ် စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၀) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၉**

## (777)အရှေ့ဒဂုံ အိမ်ခြံမြေရောင်းဝယ်ရေး

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (ဆိပ်ကမ်း) ရှိမြေကွက်များကို ဈေးမှန်ဖြင့် အမြန်ဝယ်လိုပါသည်။ အိမ်တိုင်ရာရောက်ငွေပေးချေပါမည်။

**ဖုန်း–၀၉– ၉၇၄၈၅၄၀၀၃၊ ၀၉– ၂၅၃၆၀၉၅၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၇၊ မြေကွက်အမှတ်–၅၆၁၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ကျော်နိုင်[၈/မထန(နိုင်)၀၁၁၅၇၃] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]က ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B,D.B.L,D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၀၈/၁၁၀၊ ၃၈–လမ်း(အောက်)၊ ၆–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၀၁၅၄၆၂၄၀၊ ၀၉–၇၉၉၅၉၅၅၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အိမ်အမှတ်(၄၇၈)တွင် တရားဝင်နေထိုင်သူ ဦးမောင်မောင်[၁၂/ဒဂမ(နိုင်)၀၀၀၇၃၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အိမ်အမှတ်(၄၇၈)၊ မြေကွက်အမှတ်(၄၇၈)၊ ဧရိယာ (၀.၀၅၁)ဧက၊ စတုရန်းပေ(၂၄၀၀) ပေ (အလျားxအနံ)ပေ(၄၀x၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် နေအိမ်အဆောက်အဦအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်မောင် [၁၂/ဒဂမ(နိုင်)၀၀၀၇၃၆]အမည်ဖြင့် တရားဝင်အမည်ပေါက်ထားပြီး ဥပဒေအရ လက်ရောက်လက်ခံပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်၏ တရားဝင်ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ ဆွေမျိုးသားချင်းများ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အဦအား ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ အခြားသောကိစ္စအရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမောင်မောင်မှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အပြင် တရားမအကြောင်းအရ နစ်နာကြေးတောင်းဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လှိုင်**
**(LL.B,D.B.L,W.I.P.O(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၆၂၄၈၁**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်(ခ)ရပ်ကွက်၊ မြရတနာ(၄)လမ်း၊ အမှတ်(၃၆၂/က)၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေအကျယ်အဝန်း အလျားxအနံ(၂၀x၆၀)ပေမြေကွက်နှင့် မြေကွက်ပေါ်ရှိ တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင်သော ဦးခွန်ဖြိုးဝေ[၁၃/ကတန(နိုင်)၀၄၃၀၃၁]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းအောင်[၁၄/ငပတ(နိုင်)၁၅၆၇၅၀]နှင့်ဦးယဉ်ထွေး[၁၂/လမန(နိုင်)၁၁၇၇၄၇]တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၉၁၅)**
**ဖုန်း–၀၉–၄၂၀၇၀၆၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃–သုဝဏ္ဏ)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃၊ လူနေရပ်ကွက်အမှတ်–သုဝဏ္ဏ၊ မြေကွက်အမှတ်–(၃၅၈)၊ အကျယ်အဝန်း(၄၈၃၀) စတုရန်းပေ၊ (၀.၁၁၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)မှတ်ပုံတင်အမှတ်–AC–၀၃၃၂၇၃ ကအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းမှရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | | |
|---|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဦးအောင်မျိုးသူ** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** |
| **(LL.B,D.B.L)** | **(LL.B,D.B.L)** | **(LL.B)** | **(LL.B)** |
| **(စဉ်–၁၄၄၀၄)** | **(စဉ်–၁၄၂၆၂)** | **(စဉ်–၁၇၄၆၂)** | **(စဉ်–၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချောရူပါဝင်း(LL.B)(စဉ်–၅၂၅၉၃)**
**အထက်တန်းရှေ့နေ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၅၇၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉–၄၂၁၀၂၂၁၁၂**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၆၀ ဆူ | ၁၈၉ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁.၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၃၉ ခန်း | ၄၁၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၂၉ တိုင် | ၂၁ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၉၉ တိုင် | ၈၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၈၈ ခု | ၅၆၄ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၃၂ ကျင်း | ၂၀၈၈ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၇ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၉၄ ကျင်း | ၁၆၄၂ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉.၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉.၅) သိန်း | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ



**ဗီယက်နမ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားကို နှစ်ဆတိုးမြှင့်ထုတ်လုပ်မည်**

စာမျက်နှာ » ၁၂

**ရုရှားသမ္မတ ပူတင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်**

စာမျက်နှာ » ၁၃

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

**Edutainment ဆိုတဲ့ သိပ်လှတဲ့စကားလုံးလေး**

ဆောင်းပါး စာမျက်နှာ » ၂၄



လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၃၅)ရဲ့ ဧပြီ ၃၀ ရက် ညပိုင်းအစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းနည်းပြ ကလော့ပ်ဟာ ဧပြီ ၂၇ ရက်က ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ ပွဲထွက်ကစားခဲ့တဲ့ ကစားသမားတွေထဲက တိုက်စစ်မှူး မိုဟာမက်ဆာလာ အပါအဝင် ကစားသမားငါးဦးအထိ ကနဦးပွဲထွက်ကစားသမားစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ၁၉ မိနစ်မှာ သွင်းယူခဲ့တဲ့ ကီတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ☆**

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း အပြီးသတ်လူရွေးချယ်



မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၃၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၁၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားသည့် ကစားသမား ၂၂ ဦးမှ ခြောက်ဦးလျှော့ချကာ ၁၆ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် **အဖွဲ့ခေါင်းဆောင်–** ဦးနိုင်သောင်းထိုက်၊ **နည်းပြချုပ်–** ဦးတင်မောင်ဌေး၊ **လက်ထောက်နည်းပြ–** ဦးဇော်ရဲမောင်၊ **ဂိုးနည်းပြ–** ဦးဟန်မင်းထွဋ်၊ **အသင်းအတွင်းရေးမှူး–** ဒေါ်သီတာကြည်၊ **အသင်းဆရာဝန် –** ဒေါက်တာပွင့်မာလာသော်၊ **အကြောကျွမ်းကျင်–** ဒေါ်ထက်ထက်ထွန်း၊ **ဂိုးသမားအဖြစ်** ခိုင်နှင်းသန့်(ISPE)၊ နွယ်နွယ်စိုး(ရောဝတီ)၊ **ကစားသမားများအဖြစ်** အေးအေးထွေး(YREO)၊ နန်းခမ်းမို(SPED)၊ ဝင်းဝင်းခိုင်(ဖူဆယ်ချစ်သူ)၊ နန့်မေသဇင်(ISPE)၊ ခိုင်သဇင်ဦး(ISPE)၊ ခိုင်ပြည့်လင်း(ISPE)၊ စုပိုပိုကျော်(Shin Lay–2)၊ ဝါဝါခိုင်(SPED)၊ ခင်မာလင်း(SPED)၊ ဇင်မိုးပြည့်(ရန်ကုန်)၊ မေသက်ပိုင်(ပဲခူး)၊ နှင်းစန္ဒာလှိုင်(သစ္စာအားမာန်)၊ ယမင်းလွင်(သစ္စာအားမာန်)၊ ယွန်းမီမီလွင်(သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

ဆီးဂိမ်းအမျိုးသမီးဖူဆယ် ပြိုင်ပွဲကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MFF**